ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ကဆုန်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-5-2006) (၄၉၆၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ၏ အမျိုးသားနေ့တွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၇

၂၀၀၆ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ပျော်ဘွယ်နှင့်ရမည်းသင်းမြို့နယ်များအတွင်း ခြံစည်းရိုးကြက်ဆူနှင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၁၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၂ရက် ညနေ ၄ နာရီက ပျော်ဘွယ်မြို့နယ်ယင်းတော်မြို့မကွင်းရှိလယ်မြေ ၄၂၅ဧကတွင် မေလအတွင်းမိုးစပါးစိုက်ပျိုးရန်အတွက် မြေပြုပြင်မှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။ ပျော်ဘွယ်မြို့နယ်တွင် ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း မိုးစပါး၇၀၃၈၁ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက် တိုင်းမှူးသည် ယင်းတော်မြို့မကျေးရွာမှ စပေါင်းစိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူ ၁ ဒသမ၅ ဧက ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာအလိုက် စပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူစိုက်ကွင်းများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား အပင်များ ရှင်သန် ဖြစ်ထွန်းစေရေးအတွက် စနစ်တကျ ပြုစုထိန်းသိမ်း ဆောင်ရွက်ရန်မှာကြားသည်။

ပျော်ဘွယ်မြို့နယ်တွင် ၂၀၀၆ခုနှစ် အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန် ၁၅၉၇၃ ဧက လျာထားရာ ၁၅၀၃၂ ဒသမ ၁၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာလယ်မြေဧက ၁၉၀ တွင် သစ်ဆုံဆည်ရေသောက် စနစ်ဖြင့် မိုးစပါး စိုက်ပျိုးနေမှုနှင့် မြေပြုပြင်မှုများကို သွားရောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

KNU နှင့် အပေါင်းပါတို့၏ မဟုတ်မဟတ်လုပ်ဇာတ်

*လမ်းခရီးတွင် ပအိုဝ်းရွာများကိုလည်း တွေ့ခဲ့ရသည်။ ကရင်ရွာများကိုလည်းတွေ့ခဲ့ရသည်။ တောတောင်နှင့် နီးစပ်သောဒေသများဖြစ်၍ အနိမ့်ဆုံးသစ်ကြီးဝါးကြီးများဖြင့် ဆောက်လုပ်ထားသော အိမ်များ၊ တိုက်ခံအိမ်များ၊ မော်တော်ဆိုင်ကယ်များ၊ထော်လာဂျီများ၊ရုပ်မြင်သံကြား အင်တာနာများ၊လျှပ်စစ်ဓာတ်အားသွယ်တန်းထားသည့်ကြိုးများ စသည်ဖြင့်ကျေးလက်ဖွံ့ဖြိုးမှုမြင်ကွင်းများကိုလည်း တွေ့ရှိခဲ့ရသည်။ ရိတ်သိမ်းပြီးစ စပါးခင်းများတွင် ကျက်စားနေသော နွားအုပ်များ၊ တစ်ပိုင်တစ်နိုင်မွေးမြူထားသောကြက်၊ ဝက်၊ ဘဲများ၊ ခြံဝင်းအသီးသီး၌စိုက်ပျိုးထားသော သီးနှံပင်များ၊ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၊ကုန်စုံဆိုင်များ စသည်ဖြင့်မြင်တွေ့ရသောအခါ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းမှဒေသခံတိုင်းရင်းသားပြည်သူများ ထွက်ပြေးတိမ်း ရှောင်နေရသည်ဟူသော**KNU** နှင့်အပေါင်းပါတို့၏ မဟုတ် မဟတ်လုပ်ဇာတ်မှာ ဘူးပေါ်သလိုပေါ်သွားခဲ့ပြီဖြစ်ပါသည်။*

စာဖတ်သူတစ်ဦး၏ **"ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်(၁)"** (ဆောင်းပါး) စာမျက်နှာ–၃

အင်တာနက်သတင်း

ခြေတုနှစ်ဖက် တပ်ထားရသူ ဧဝရက်တောင်ကို အောင်မြင်စွာတက်နိုင်

ဝယ်လင်တန် မေ ၁၆

ခြေတုနှစ်ဖက် တပ်ဆင်ထားရသူ နယူးဇီလန် တောင်တက်သမားမတ်အင်္ဂလိစ်သည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ် ဧဝရက်တောင်ကို မေ ၁၅ ရက်က အောင်မြင်စွာတက်နိုင်ခဲ့ကြောင်း သတင်းများထွက်ပေါ်လာသည်။

မတ်အင်္ဂလိစ်သည် အသက်(၄၇)နှစ်အရွယ်ရှိ တောင်တက်သမားတစ်ဦးဖြစ်ပြီး ၎င်းသည် လွန်ခဲ့သော ရက် ၄၀ ခန့်ကတည်းက ဧဝရက်တောင်တက်လုပ်ငန်းကိုစတင်နိုင်ရန် တောင်ခြေ၌ ကြိုတင်စီစဉ်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

၎င်းသည် တောင်တစ်တောင်ကို တက်နေစဉ် မတော်တဆဖြစ်ခဲ့ရာမှ ခြေထောက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရပြီး ခြေတုနှစ်ဖက်ကို အသုံးပြုကာ သွားလာနေရသူဖြစ်သည်။ မတ်အင်္ဂလိစ်အနေဖြင့် ဧဝရက်တောင်ကို အောင်မြင်စွာတက်နိုင်ခဲ့သည့်အတွက် ဧဝရက်တောင်ကို ပထမဦးဆုံး အောင်မြင်စွာတက်ရောက်နိုင်သော ခြေတုအသုံးပြုသော တောင်တက်သမားဖြစ်လာသည်။

၎င်းသည် ၁၉၈၂ ခုနှစ်က တောင်တက်နေစဉ်အတွင်း အအေးလွန်ကဲမှုဒဏ်ကြောင့် ခြေထောက်နှစ်ချောင်းတွင် ရေခဲကိုက်သည့် ဝေဒနာခံစားရပြီး ခြေထောက်များဒူးအောက်ပိုင်းမှ ဖြတ်ပစ်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က အင်္ဂလိစ်နှင့် တောင်တက်သမား အဖော်တစ်ဦးသည် နယူးဇီလန်ရှိအမြင့်ဆုံးတောင်ဖြစ်သော ကွတ်တောင်ထွတ်သို့ တက်ခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ခြေတုတပ်ကာတောင်တက်ခဲ့သူမတ်အင်္ဂလိစ်ကို ဧဝရက်တောင်တစ်နေရာ၌ မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၇-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ရေလှောင်တမံ ဘက်စုံစီမံကိန်းများ အရည်အသွေးမီမီ မြန်ဆန်စွာပြီးစီးရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ရေမြေသဘာဝ ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံလူဦးရေအများစုဖြစ်သည့် တောင်သူလယ်သမားများ စားဝတ်နေရေးဖူလုံပြည့်စုံစေရန် အဓိကအထောက်အကူပြုနေသည်။ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာစေရေးအတွက်လည်း ပဓာနအရင်းအမြစ်တစ်ခုဖြစ်သည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မဏ္ဍိုင်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံပေါင်းများစွာကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်လျက်ရှိသည်။ ယခုအချိန်အထိ ဆည်တမံပေါင်း ၁၈၅ ခုကို တည်ဆောက်ပေးထားပြီး လိုအပ်သည့် နေရာများတွင် ဆည်တမံစီမံကိန်းများကို ဆက်လက်၍ တည်ဆောက်နေဆဲဖြစ်သည်။

အဆိုပါ ဆည်တမံစီမံကိန်းများတွင် စိုက်ပျိုးရေပေးဝေရေးအတွက်သာမက လျှပ်စစ်ဓာတ်အားကိုပါ ထုတ်လုပ်ပေးနိုင်မည့် ဘက်စုံစီမံကိန်းများလည်းပါဝင်သည်။

စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါလျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်စွမ်းအားကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန်လိုအပ်သည်။ ထို့အပြင် လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အညီ ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေး အလေးထားကြိုးပမ်းကြရပေမည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အကြီးစားနှင့် အလတ်စားရေအားလျှပ်စစ်စီမံကိန်းများကို ချမှတ်တည်ဆောက်နေသည်။ အချို့သော ရေလှောင်တမံ ဘက်စုံစီမံကိန်းများတွင် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းနှင့်အတူ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံများကိုပါ တွဲဖက်တည်ဆောက် လုပ်ကိုင်နေကြပြီဖြစ်သည်။

ပျဉ်းမနားမြို့နယ်မှ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ကျောက်တံခါးမြို့နယ်မှ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၊ အုတ်တွင်းမြို့နယ်မှ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့သည် စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားကိုပါ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးများဖြစ်သည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်မြေဧက ၃၅၀၀၀ ခန့်ကို ဆည်ရေပေးဝေရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လွှတ်ပေးနေပြီဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ လယ်မြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

အလားတူ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက တစ်သိန်းအတွက် ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လွှတ်ပေးနိုင်မည်ဟု သိရသည်။

ရေလှောင်တမံ ဘက်စုံစီမံကိန်းများ အချိန်စော၍ တည်ဆောက်ပြီးစီးသည်နှင့်အမျှ ဆန်စပါးနှင့် အခြားသီးနှံစိုက်ဧကများ တိုးတက်စိုက်ပျိုးကာ သီးနှံအထွက်လည်း ပိုမိုတိုးတက်လာမည်။ ထို့အတူ တွဲဖက်တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားများလည်း ပိုမိုထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရေလှောင်တမံ ဘက်စုံစီမံကိန်းများကို စံချိန်စံညွှန်းကောင်းကောင်း၊ အရည်အသွေးမီမီဖြင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှေ့နေချုပ် ဦးအေးမောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် Mr. Hengyang ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့ တွေ့ဆုံဂါရဝပြု

ရန်ကုန် မေ ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ဥပဒေရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ကာ လေ့လာရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်ရန် အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် H.E Mr. Hengyang ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ ရှေ့နေချုပ်ဦးအေးမောင်အား လာရောက်တွေ့ဆုံဂါရဝပြုသည်။ ယင်းသို့လာရောက်တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့်ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ နံနက် ၁၀နာရီခွဲတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ရှေ့နေချုပ်က ၂၀၀၁ခုနှစ် ရှေ့နေချုပ်ဥပဒေနှင့် ဥပဒေရုံးများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် H.E Mr. Hengyang က Henan ပြည်နယ် ရှေ့နေချုပ်ရုံး ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်ရှင်းလင်း ပြောကြားကာ နှစ်နိုင်ငံဥပဒေရေးရာလုပ်ငန်း ဆောင်ရွက်မှုများကိုရင်းနှီးစွာဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် တိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့အား ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ ဓမ္မစာပေသင်တန်း

ရန်ကုန် မေ ၁၆

ရွှေတိဂုံစေတီတော် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း၌ မေ ၂၀ရက်(စနေနေ့) နံနက်ဂနာရီတွင် (၂၇)ကြိမ်မြောက် အဘိဓမ္မာဋီကာကျော် – ဝိသုဒ္ဓိမဂ် သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ မွန်းတည့် ၁၂နာရီတွင် (၁၈)ကြိမ်မြောက် Course On Buddha Desana အခြေခံ၊ အလယ်တန်း၊ အထက်တန်းအဆင့် သင်တန်းများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ တွဲဖက်၍ အင်္ဂလိပ်စာ အခြေခံတတ်သူတိုင်း သင်ကြားနိုင်သည်ဟု သိရသည်။ (၂၃)

ဗြိတိန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် မေ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စဗစ်ကီဘိုးမန်း၏နေရာတွင် မစ္စတာ မာ့(ခ်)ကန်းနင်းအား ခန့်အပ်ရန် ဗြိတိသျှအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မာ့(ခ်)ကန်းနင်းသည် ၁၉၇၄ ခုနှစ်မှစ၍ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ခဲ့ပြီး ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီးတွင်လည်းကောင်း၊ ဖရီးတောင်းမြို့၊ ဂျော့တောင်းမြို့၊ ချီကာဂိုမြို့နှင့် ဂျာကာတာမြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် မဟာမင်းကြီးရုံးများတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် အမှုထမ်းခဲ့သည်။ လောလောဆယ်တွင် မစ္စတာ မာ့(ခ်)ကန်းနင်းသည် မလေးရှားနိုင်ငံ ဗြိတိသျှမဟာမင်းကြီးရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာ့(ခ်)ကန်းနင်းသည် ပြင်သစ်၊ အင်ဒိုနီးရှားနှင့် စပိန်ဘာသာစကားများ တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၁) ရပ်ကွက်၊ ရတနာလမ်းနေ ကိုရဲဝင်းနိုင်၏ မွေးနေ့အလှူအတွက် ငွေကျပ် ၁၅၀၀၀၀ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် မေ၉ ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ် (၃၃၃)မုန့်ဆိုင် ဒေါ်မြစိန် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၃၀၇)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မေ ၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၃၅၂/၃၆၆)၊ ဒုတိယထပ်၊ အခန်း(၉)ရှိအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ် (၁)

စာဖတ်သူတစ်ဦး

စာရေးသူတို့ ပြည်တွင်းစာနယ်ဇင်းသမားများသည် နိုင်ငံတော်ကကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲများသို့ ၂၀၀၅ ခုနှစ်မှစတင်၍ တက်ရောက်သတင်းယူခွင့် ရရှိခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် သတင်းစာရှင်းလင်းပွဲများကို သတင်းဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်နေသည့် ပြည်နယ်/တိုင်းများတွင် ကျင်းပလာခဲ့ရာ နိုင်ငံတော်၏ ပကတိအခြေအနေများကိုပါ ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်အဖြစ် ရှုမြင်လေ့လာနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပသော သတင်းစာရှင်းလင်းပွဲများတွင် မူဆယ်မြို့အထိ သွားရောက် လေ့လာခွင့်ရခဲ့ကြသည်။ အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတက်ရောက်ရင်း ကျိုင်းတုံဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ကြရသည်။ ယခုတစ်ဖန် မေလ ၁၂ ရက်နှင့် ၁၃ ရက်နေ့တို့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ ပဲခူးတိုင်းအတွင်းသို့ လေ့လာရေးခရီး တစ်ခေါက် ရောက်ရှိခဲ့ပြန်သည်။

ယခုလေ့လာရေးခရီးစဉ်မှာ KNU သောင်းကျန်းသူတို့နှင့် ပတ်သက်နေသော လေ့လာရေးခရီးစဉ်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ နယ်စပ်ဒေသအချို့မှအပ နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလာခဲ့သဖြင့် အများပြည်သူများနည်းတူ စာရေးသူတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေခြင်း စသည့်သတင်းများသည် နိုင်ငံနှင့်ပြည်သူတို့အတွက် စိတ်ချမ်းမြေ့ဖွယ်ရာ မင်္ဂလာသတင်းများပင်ဖြစ်သည်။

၂၀၀၂ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရနှင့် KNU တို့ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့်သတင်းများကို ကြားသိလာရသည်။ နိုင်ငံတော်ကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော နိုင်ငံသားတိုင်းကလည်း ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်ဖြစ်မြောက်စေလိုကြသည်။ ထို့ကြောင့်ပင် သတင်းစာရှင်းလင်းပွဲတိုင်းလိုလို၌ သတင်းစာဆရာကြီးတစ်ဦးက နိုင်ငံတော်အစိုးရနှင့် KNU တို့၏ ငြိမ်းချမ်းရေးတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေကို မေးမြန်းမှုပြုခဲ့ပါသည်။ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း ထိုသို့မေးတိုင်း KNU နှင့် ဆက်သွယ်မှုရှိနေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်လှစ်ထားကြောင်း ဖြေကြားခဲ့သည်ကို သတိပြုမိခဲ့သည်။

ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေး အဖွဲ့များ စေလွှတ်၍ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည့်အခါတိုင်း KNU နှင့်ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်း ပြောခဲ့သည်များကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ သို့ရာတွင် သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)တွင်မူ KNU တို့၏ ပဲခူး၊ တောင်ငူဒေသတစ်ဝိုက်၌ မိုင်းထောင်ဖောက်ခွဲမှုများ၊ ထိုဒေသရှိ ရထားလမ်း၊ ကားလမ်းများပေါ်၌ ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သည်အထိ ပေါက်ကွဲအားပြင်းသည့် မိုင်းများဖောက်ခွဲရန် အားထုတ်လုပ်ဆောင်မှုများကို သက်သေသာဓကများနှင့်တကွ ရှင်းပြသည့်အခါကျမှသာ KNU တို့၏ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ရပ်များကို သိရှိခဲ့ရသည်။

ထိုအခါ တစ်ချိန်တုန်းက ရန်ကုန်-မန္တလေး ရထားလမ်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းများတွင် KNU တို့ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့မှုကြောင့် တိုင်းရင်းသားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးခဲ့ရသည့် သတင်းဖြစ်ရပ်များကို ပြန်လည်အမှတ်ရလာခဲ့သည်။ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)တွင် ရှင်းလင်းဖော်ပြခဲ့သည့် ၂၀၀၆ ခုနှစ် တောင်ငူဘူတာမြောက်ဘက် ဖောက်ခွဲမှု၊ ဖေဖော်ဝါရီလ ၇ ရက် ကညွတ်ကွင်းနှင့် တောကျွဲအင်း ဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ ဖေဖော်ဝါရီလ ၁၆ ရက် ရေတာရှည်နှင့် ကျွန်းကုန်းဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ မတ်လ ၁၉ ရက် ကျွန်းကုန်းအနီး မိုင်တိုင်(၁၇၆/၂၂)တစ်ဝိုက် ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှုတို့ကိုသာ လုံခြုံရေးတပ်ဖွဲ့များနှင့် တာဝန်သိပြည်သူများက အချိန်မီရှာဖွေတွေ့ရှိ ရှင်းလင်းဖယ်ရှားမှု မပြုနိုင်ပါက ခရီးသွားပြည်သူများ ကြောက်ခမန်းလိလိ အန္တရာယ်ဆိုးနှင့် ပက်ပင်းတိုးကြရမည်ဖြစ်ပါသည်။

KNU အနေဖြင့် အဘယ့်ကြောင့် အတိတ်က လုပ်နည်းလုပ်ဟန်များကို ပြန်လည်ကျင့်သုံးတာလဲဟူ၍လည်း စဉ်းစားသုံးသပ်နေမိသည်။ ဤသို့သာ KNU တို့ ဇွတ်တိုး၍လုပ်ဆောင်နေပါက တပ်မတော်ကလည်း ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ မလွှဲသာမရှောင်သာ ပြုလုပ်ရတော့မည်ဟူ၍လည်း တွေးနေမိပါသည်။ ထိုကာလမှာပင် တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပဲခူးတိုင်း တောင်ငူခရိုင်နှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပ သတင်းစာဆရာများ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ၊ ပဲခူးတိုင်းအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှု ရရှိရေး ဆောင်ရွက်မှုအခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ KNU သောင်းကျန်းသူအချင်းချင်း အာဏာလု၊ သတ်ဖြတ် ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများအား လှည့်လည်ကြည့်ရှုသည့် လေ့လာရေးခရီးစဉ်တွင် ရှင်းလင်းပြောကြားစဉ်။

ညောင်လေးပင်ခရိုင်အတွင်းမှ ဒေသခံတိုင်းရင်းသား ၁၀၀၀၀ခန့် ထွက်ပြေး တိမ်းရှောင်နေရကြောင်း၊ ၁၈၀၀ခန့် နယ်စပ်ဒုက္ခသည်စခန်းသို့ ရောက်ရှိလာကြကြောင်း ပြည်ပအသံလွှင့်ဌာနအချို့နှင့် KNU တို့ အတိုင်အဖောက်လုပ် လွှင့်ထုတ်မှုများကိုလည်း ကြားသိခဲ့ရသည်။ ထိုအခါ သို့လော သို့လော တွေးတောရင်းဖြင့် ပဲခူးတိုင်း၊ တောင်ငူနှင့် ညောင်လေးပင်ဒေသ၏ လက်ရှိအခြေအနေကို သိလိုမြင်လိုစိတ်ဖြစ်ခဲ့သည်။

မေလ ၁၂ ရက်နှင့် ၁၃ ရက်တွင် လိုက်ပါခဲ့ရသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ပဲခူးတိုင်းအတွင်း လေ့လာရေးခရီးစဉ်က ထိုဒေသအတွင်းမှ ဖြစ်ရပ်မှန်၊ အခြေအနေမှန်များကို စာရေးသူတို့ကိုသာမက သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ ပြည်သူလူထုကိုလည်းကောင်း၊ နိုင်ငံတကာသို့လည်းကောင်း မြင်တွေ့ကြားသိစေခဲ့ပြီ ဖြစ်ပါသည်။ စာရေးသူတို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶**

ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များ စေလွှတ်၍ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေမှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည့်အခါတိုင်း KNU နှင့်ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်း ပြောခဲ့သည်များကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ သို့ရာတွင် သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)တွင်မူ KNU တို့၏ ပဲခူး၊ တောင်ငူဒေသတစ်ဝိုက်၌ မိုင်းထောင်ဖောက်ခွဲမှုများ၊ ထိုဒေသရှိရထားလမ်း၊ ကားလမ်းများပေါ်၌ ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သည်အထိ ပေါက်ကွဲအားပြင်းသည့် မိုင်းများဖောက်ခွဲရန် အားထုတ်လုပ်ဆောင်မှုများကို သက်သေသာဓကများနှင့်တကွ ရှင်းပြသည့်အခါကျမှသာ KNU တို့၏ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ရပ်များကို သိရှိခဲ့ရသည်။

ဒေသခံတောင်သူလယ်သမား ဦးဝင်းမြင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ မေးမြန်းမှုကို ရှင်းလင်းဖြေကြားစဉ်။

အီရန်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ပါက ရေနံဈေးနှုန်းတည်ငြိမ်ရေး အထောက်အကူပြုနိုင်

နူဆာဒူလာ(အင်ဒိုနီးရှား) မေ ၁၅

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် စပ်လျဉ်း၍ ငြိမ်းချမ်းသော နည်းလမ်းဖြင့် အဖြေရှာခြင်းဖြင့် ရေနံဈေးနှုန်းများ တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီး ပါနိုမိုယူစဂျီယန်တိုရိုက စနေနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည်ငြိမ်းချမ်းသော လုပ်ငန်းများအတွက် ရည်ရွယ်အသုံးပြုမှု ဟုတ်၊ မဟုတ် သို့တည်းမဟုတ် စစ်ရေးရည်မှန်းချက်အတွက် အသုံးပြုမှု ဟုတ်မဟုတ် အမေရိကန် ဦးဆောင်သည့် နိုင်ငံအချို့နှင့် အငြင်းပွားလျက်ရှိပြီး ယင်းပြဿနာအတွင်း အီရန်သည် ညှပ်ပူးညှပ်ပိတ်ဖိအားပေးခံနေရသည်။အခြားနိုင်ငံများကလည်း အီရန်နိုင်ငံ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ရန် လိုလားလျက်ရှိနေပြီး ယင်းနိုင်ငံကို အရေးယူကန့်သတ်မှုများ ပြုလုပ်နိုင်ရန် ဆွေးနွေးနေကြသည်။

အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာက ရေနံဈေးနှုန်း မြင့်တက်မှုဟူသော အကျိုးသက်ရောက်မှု ရှိပါသလားဟု မေးမြန်းရာ မိမိတို့အနေဖြင့် အီရန်ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ပါက ရေနံဈေးများ မြင့်တက်နေမှုကို ရပ်တန့်စေနိုင်လိမ့်မည်ဟု ယူစဂျီယန်တိုရိုက ဖြေကြားသည်။

မိမိတို့အနေဖြင့် ရေနံဈေးနှုန်း ကျဆင်းစေလိုကြောင်း၊ သို့ရာတွင် ရေနံဈေးနှုန်းသည် ပထဝီနိုင်ငံရေး အခြေအနေများပေါ်တွင် မှီတည်နေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနိုင်ငံ ရှာရွန်ဒေသ အာလူးစိုက်ခင်းအတွင်း တွေ့ရှိရသော နှစ်ပေါင်း ၅၀၀၀ ခန့်ကဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း ၄က် ကုလားအုတ်ဥတစ်လုံးကို မေ ၁၄ရက် ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူနိုင်ငံရှိ အပန်းဖြေကျွန်းတွင် မော်တော်ယာဉ်အမြန်နှုန်း သတိပေးစနစ်တပ်ဆင်

စင်ကာပူ မေ ၁၅

စင်ကာပူတောင်ပိုင်းရှိ အပန်းဖြေကျွန်းဖြစ်သော ဆန်တိုဆာကျွန်းတွင် လမ်းအန္တရာယ်ကင်းရှင်းရန် မော်တော်ယာဉ်အမြန်နှုန်း သတိပေးကိရိယာကို တပ်ဆင်ထားပြီးဖြစ်ကြောင်း ချန်နယ်နယူးအေးရှားသတင်းဌာနက မေ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကျွန်း၌ ယာဉ်များ မောင်းနှင်ရာတွင် တစ်နာရီလျှင် ကီလိုမီတာ ၄၀ နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန် ထိုသတိပေးကိရိယာက ကူညီနိုင်မည်ဖြစ်သည်။ ဆန်တိုဆာကျွန်းတွင်နေ့စဉ် မော်တော်ယာဉ် စီးရေ ၁၀၀၀ ကျော် သွားလာလျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရေခဲမှတ်ရောက်လုနီး အပူချိန်ရှိ နော်ဝေနိုင်ငံ ပင်လယ်တွင် ကမ္ဘာ့စံချိန်တင် ကူးခတ်ခဲ့သူ လူးဝစ်ဂေါ်ဒွင်ပတ်ကို မေ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စပိန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ဆိုင်ကယ်စီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူတစ်ဦး လေ့ကျင့်နေသည်ကို မေ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားအရှေ့ပိုင်းတွင် ကာလဝမ်းရောဂါဖြစ်ပွား

ကွာလာလမ်ပူ မေ ၁၅

မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာဘားပြည်နယ်တွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၄ဦးရှိပြီး ယင်းရောဂါ ကူးစက်ပျံ့နှံ့မှု ပိုမိုဆိုးရွားလာမည်ဟု ယူဆရကြောင်း ဒေသဆိုင်ရာ သတင်းစာက မေ ၁၃ရက်တွင် ရေးသားဖော်ပြသည်။ ကာလဝမ်းရောဂါဖြစ်ပွားသူများသည် ဆာဘားပြည်နယ် ကိုတာကီနာဘာလူမြို့ အရှေ့မြောက်ဘက်ကီလိုမီတာ ၆၀အကွာရှိ ရွာ၁၈ရွာမှ ရွာသူ၊ ရွာသားများ ဖြစ်သည်ဟု စတားသတင်းစာတွင် ရေးသားထားသည်။

ကာလဝမ်းရောဂါ ကူးစက်ခံရသူအဖြစ် သံသယရှိသူ ၇၆ ဦးကိုလည်း ကိုတာဘီနာဘာလူဒေသ ဆေးရုံသို့ တင်ထားသည်။ ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ထိုဆေးရုံသို့ ကျန်းမာရေးဝန်ထမ်းများကို ထပ်မံစေလွှတ်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးဇီလန်ကမ်းလွန်တွင် ငါးဖမ်းသင်္ဘောနစ်မြုပ်

ဝယ်လင်တန် မေ ၁၅

နယူးဇီလန်နိုင်ငံ၏ အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်သော တောင်ကျွန်းအနီးရှိ စတီဝေါ့လ်ကျွန်းကမ်းလွန်တွင် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် တနင်္ဂနွေနေ့နံနက်ပိုင်းအထိ လူသုံးဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နယူးဇီလန် ကယ်ဆယ်ရေးလုပ်ငန်း ညှိနှိုင်းရေးဌာနက မေ ၁၄ ရက်တွင် ပြောကြားသည်။

ကိုတူကူအမည်ရှိ ငါးဖမ်းသင်္ဘောသည် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် မှောက်သွားခဲ့သည်။ အဆိုပါ သင်္ဘောမှောက်မှုကြောင့် လူကိုးဦးမှာ ဖိုဗက်ဇ်ရေလက်ကြားအတွင်း ပျောက်သွားသည်။

လူသုံးဦးသည် သင်္ဘောမှောက်ရာနေရာအနီးရှိ ကျွန်းသို့ ကူးခတ်သွားခဲ့ပြီး၊ အချက်ပြမီးကို အသုံးပြုကာ ကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့် ဆက်သွယ်နိုင်ခဲ့သည့်အတွက် ၎င်းတို့ကို ကယ်တင်နိုင်ခဲ့သည်။ သို့သော် သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ ထိုသင်္ဘောမှောက်မှုတွင် ပါဝင်သောခြောက်ဦးသည် မိသားစု တစ်စုတည်းမှဖြစ်ကြောင်း ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ရာသီဥတု ကောင်းမွန်ကြောင်း၊ ပျောက်ဆုံးလျက်ရှိသူများကို အသက်ရှင်လျက်ပြန်လည်တွေ့နိုင်မည်ဟူသော မျှော်လင့်ချက်မှာ ရှိနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအရာရှိ ကိမ်အယ်လင်က ဆိုသည်။ သင်္ဘောနစ်မြုပ်သွားရာ နေရာတစ်ဝိုက်ရှိ ကျွန်းများတွင်လည်း ရှာဖွေရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလော်ရီဒါတွင် မိကျောင်းကိုက်ခံရသဖြင့် အမျိုးသမီး သုံးဦး သေဆုံး

စိန့်ပီတာစဘတ်(ဖလော်ရီဒါ)မေ ၁၆

အမေရိကန်နိုင်ငံတောင်ပိုင်း ဖလော်ရီဒါပြည်နယ်တွင်လွန်ခဲ့သောသီတင်းပတ်ကလူသုံးဦးခန့်အထိမိကျောင်းကိုက်ခံရ၍ သေဆုံးခဲ့ရကြောင်း ဖလော်ရီဒါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ အရာရှိများကမေ၁၅ရက်၌ပြောကြားသည်။

ဖလော်ရီဒါပြည်နယ်စိန့်ပီတာစဘတ်မြို့ရှိ ရေကန်တစ်ကန်အတွင်း လက်နှစ်ဖက်ပြတ်နေသော အမျိုးသမီးတစ်ဦး၏ အလောင်းကို မေ ၁၄ရက်က တွေ့ရှိခဲ့ရသည်ဟု သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။ ထိုအမျိုးသမီးမှာ မိကျောင်းကိုက်ခံရ၍ သေဆုံးရဖွယ်ရှိသည်ဟု ဆိုသည်။

အသက် ၄၃နှစ်အရွယ်ခန့်ရှိမည်ဟု ခန့်မှန်းရသော ၎င်းအမျိုးသမီး သေဆုံးရခြင်းမှာ မိကျောင်းတစ်ကောင်နှင့် ပတ်သက်နေစရာရှိသည်ဟုထိုအလောင်းကို စစ်ဆေးခဲ့သော ပိုင်းလပ်စ်ခရိုင်မှ ဆေးဘက်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ သို့ရာတွင် ထိုအမျိုးသမီး အဘယ်ကြောင့် သေဆုံးရသည်ဆိုသော နောက်ဆုံးကောက်ချက်ကိုအချိန်အတန်ကြာအောင် အသေးစိတ်စစ်ဆေးပြီးမှ သာသိနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

လူအချို့ကရေကန်အတွင်းတစ်စုံတစ်ခု မျောနေသည်ကို မေ ၁၂ရက် ကတည်းက တွေ့ရှိရသော်လည်း တနင်္ဂနွေနေ့ ရောက်သည်အထိ သေချာစွာ သွားရောက် စစ်ဆေးကြည့်ရှုခဲ့ခြင်း မရှိကြောင်း မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်ကိုကိုးကား၍စိန့်ပီတာစဘတ်တိုင်းမ်သတင်းစာက ရေးသားခဲ့သည်။

တစ်ဖန် တနင်္ဂနွေနေ့၌ပင်ဖလော်ရီဒါ အလယ်ပိုင်းအိုကာလာအရပ်နီးရှိကျော့ဂ်ျ ရေကန်အတွင်း၌ အမျိုးသမီးတစ်ဦး မိကျောင်းအကိုက်ခံရ၍ သေဆုံးခဲ့ရပြန်သည်။

ထို့မျှသာမကသေး ဖို့ဒ်လော်ဒါဒေးလ် တပ်စခန်းအနီး တူးမြောင်းနံဘေးတွင် အပြေးလေ့ကျင့်နေသူ အမျိုးသမီးတစ်ဦးမှာလည်း မိကျောင်းကိုက်ခံရ၍ သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှ လူသားစားမိကျောင်းကြီးအား ဖမ်းဆီးနေသည်ကို မေ ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်တွေ့ရှိ

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံတွင် မိသားစုဝင်ငါးဦးမှာ ဓာတ်ခွဲခန်း၏ စစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆုမတြားပြည်နယ်မှ အဆိုပါ လူငါးဦးသည် ကြက်များ၊ ဝက်များနှင့် ထိတွေ့ခြင်းရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် အိုင်ညိုမန်ကန်ဒွန်က ပြောကြားသည်။

၎င်းတို့၏ သွေးနမူနာများကို ဟောင်ကောင်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တွဲဖက်ဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့ရာတွင်လည်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်တွေ့ရှိရကြောင်း ကန်ဒွန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးထောင်၌ အကြမ်းဖက်မှုများ ဖြစ်ပွား အခြေအနေ ထိန်းသိမ်းထားနိုင်ဟုဆို

ဘရာဆီးလီးယား မေ ၁၅

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်ရှိ အကျဉ်းထောင်တွင် မေ ၁၂ရက်က တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် လူ ၈၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။

လူဆိုးဂိုဏ်းများက ဘတ်စ်ကားများ၊ ဘဏ်တိုက်များနှင့် ရဲစခန်းများကို ဦးတည်ကာ တိုက်ခိုက်ခြင်း၊ မီးတင်ရှို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ရွှေ့ပြောင်း

ထောင်တွင်းရှိ အကျဉ်းသားရာပေါင်းများစွာကို လုံခြုံရေးအထူးတင်းကျပ်သော အကျဉ်းထောင်များဆီသို့ ရွှေ့ပြောင်းနေချိန်၌ ယခုကဲ့သို့ ထောင်တွင်းနှင့် ထောင်ပြင်ဆူပူမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ ထိုတိုက်ခိုက်မှုများမှာ ထောင်တွင်းမှနေ၍ စီစဉ်ညွှန်ကြားသူများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

အားပြိုင်မှု

အခင်းဖြစ်ပွားရသောကိစ္စမှာ ဆော်ပေါ်လိုမှ အာဏာပိုင်များနှင့် ဖတ်စ်ကွန်မန်ဒိုခေါ် (ပီစီစီ)လူဆိုးဂိုဏ်းနှင့် ဒေသဆိုင်ရာအာဏာပိုင်များ အားပြိုင်မှုပင်ဖြစ်သည်ဟု စာနယ်ဇင်းသမားများက ရှုမြင်ကြကြောင်း သိရသည်။

နိုင်ငံတွင်းရှိ ထောင် ၄၀ ကျော်အတွင်း လုံခြုံမှုများပိုမိုကောင်းမွန်စေရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။ ထိုအချိန်တွင် ထောင်သားများက ထောင်ဝင်စာလာတွေ့သူများ၊ ထောင်ဝန်ထမ်းများ အပါအဝင် လူပေါင်း ၂၀၀ ခန့်ကို ဓားစာခံများအဖြစ် ဖမ်းဆီးခဲ့ကြသည်။

ငြိမ်သက်

မငြိမ်မသက်မှုများသည် ဗာတိုဂရိုဆိုဒိုဆူးလ်နှင့် ပါရာနာမြို့များသို့လည်း ကူးစက်ခဲ့ကြောင်း သတင်းများက ဆိုသည်။ ဆူပူမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည်မှာမှန်သော်လည်း ယခုအခါ အခြေအနေမှာ တဖြည်းဖြည်းချင်း ငြိမ်သက်စပြုလာပြီဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် အကြမ်းဖက်မှုကြောင့် မီးလောင်နေသည်ကို မေ ၁၅ ရက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွား ၁၅ ဦးထက်မနည်း သေဆုံးပြီး လေးဦးဒဏ်ရာရ

ကဘူး မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ ပြည်နယ်တွင် တနင်္ဂနွေနေ့က အာဖဂန် တပ်ဖွဲ့ဝင်များနှင့် တာလီဘန် ပြောက်ကျားများ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အတည်ပြု ပြောကြားသည်။

ကန်ဒါဟာမြို့၏ အနောက်တောင်ဘက် ၃၅ ကီလိုမီတာခန့်အကွာရှိ ပန်ဂျာဃီ ခရိုင်၌ မွန်းလွဲ ၁ နာရီ နောက်ပိုင်းတွင် အာဖဂန်အမျိုးသား ကြည်းတပ်နှင့် တာလီဘန်ပြောက်ကျားများ တိုက်ခိုက်ခဲ့ကြောင်း ကန်ဒါဟာပြည်နယ် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဒါဝတ်အာမာဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၁ ဦး သေဆုံးခဲ့ပြီး အာဖဂန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကာ အခြားတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

တနင်္ဂနွေနေ့ညပိုင်းသို့ ဝင်ရောက်လာချိန်အထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ တစ်ချိန်က တာလီဘန်ပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်ခဲ့သည့် ကန်ဒါဟာပြည်နယ်တွင် တွန်းလှန်တိုက်ခိုက်မှုများ တိုးမြင့်လာလျက်ရှိသည်။

ယခုနှစ် နှစ်ဆန်းမှစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၂၅ ဦး အပါအဝင် လူပေါင်း ၃၀၀ ကျော်သည် တာလီဘန်ဦးဆောင်သည့် တွန်းလှန်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယာဉ်နှစ်စီးခေါင်းချင်းဆိုင်တိုက် ၁၃ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိ

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် စနေနေ့က ယာဉ်မတော်တဆမှုဖြစ်ပွားရာ ခရီးသည် ၁၃ဦးထက်မနည်းသေဆုံးပြီး ခရီးသည် ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုအေးရှားသတင်းဌာနက ဖော်ပြသည်။

ခေါင်းချင်းဆိုင်တိုက်

အင်ဒရာပရာဒေ့ရှ် ပြည်နယ်၏ မြို့တော်ဟိုက်ဒရာဘတ်မှ ကီလိုမီတာ ၇၀ခန့်အကွာရှိ မီဒက်ခရိုင် ပရက်ရှ်နာပူမြို့အနီး အဝေးပြေးလမ်းမကြီးပေါ်တွင် ခရီးသည် ၅၀ ခန့် စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးနှင့် ထရပ်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် ခရီးသည် ခြောက်ဦးပွဲချင်းပြီး သေဆုံးပြီး ခရီးသည် ခုနစ်ဦးမှာ ရရှိသည့်ဒဏ်ရာဖြင့် ဆေးရုံတွင်သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

သေဆုံး

အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ယာဉ်မတော်တဆဖြစ်မှုများကြောင့် လူ ၃၀ခန့် နေ့စဉ်သေဆုံးလျက်ရှိသည်။ ယခုနှစ် ပထမလေးလအတွင်း ယာဉ်မတော်တဆဖြစ်ရပ် ၁၁၀၇၆မှုဖြစ်ပွားပြီး လူ ၃၀၀၀ကျော်သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်စစ်ပြန် အမေရိကန်တပ်ဖွဲ့မှ မသန်မစွမ်းသူများက စက်ဘီးများအသုံးပြု၍ အမေရိကန်နိုင်ငံတစ်ဝန်း လှည့်လည်ကာ စစ်ဆန့်ကျင်ရေး ဆန္ဒပြကြသည်ကို မေ ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံတွင် နွားရိုင်းတိုက်ပွဲ ပြုလုပ်နေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ အပူလှိုင်းကျရောက်

အစ္စလမ္မာဘတ် မေ ၁၅

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း၌ အပူချိန် ၅၀ ဒီဂရီ ဆဲလ်စီးယပ်စ်မျှအထိ ချစ်ချစ်တောက်ပူပြင်းသည့် အပူလှိုင်းကျရောက်သဖြင့် ယခင် ရက်သတ္တပတ်တွင် သေဆုံးသူပေါင်းမှာ ၅၁ ဦးထက်မနည်းရှိခဲ့ကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ လူ ၅၀ သေဆုံးခဲ့ပြီး ဘလူချစ်စတန် ပြည်နယ်၌ တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးဖောက်ခွဲ ကင်းလှည့်လာသည့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘာဆာရာ(အီရတ်) မေ ၁၅

အီရတ်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိကြောင်း စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ လိုက်ပါလာသော လက်နက်တပ်ဆင်ထားသည့် လင်းရိုဗာမော်တော်ယာဉ်လေးစီးသည် ဘာဆာရာမြို့မြောက်ပိုင်းတွင် ကင်းလှည့်လာစဉ် စနေနေ့ညက ဗုံးဖောက်ခွဲခံခဲ့ရခြင်းဖြစ်သည်ဟု ဗြိတိသျှ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဂရင်းက ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦး အပြင်းအထန် ဒဏ်ရာရခဲ့ပြီး ခြေကျင်လျှောက်လာသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမှာစကားပြောကြား

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်(World Intellectual Property Organization-WIPO)တို့ ပူးပေါင်းကျင်းပသည့် စာပေအနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ (National Seminar on Copyright and Related Rights in the Creative Industries) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့်ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိက စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အမှာစကားပြောကြားရာတွင် ယခုနှီးနှောဖလှယ်ပွဲသည် ပြည်တွင်း ပြည်ပ ဗဟုသုတရရှိအောင် အသိပေးသည့် Awarenessအကြောင်းကို အဓိကထား ပြုလုပ်ပေးခြင်း ဖြစ်ကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးကြပြီး ပေါ်ထွက်လာမည့် အကြံဉာဏ်များ၊ လုပ်ငန်းများကို စာပေ အနုပညာ နယ်ပယ်အသီးသီး ပေါင်းစုံချိတ်ဆက်ဖွံ့ဖြိုးရေးကို ဦးတည်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ အသိဉာဏ်ပစ္စည်းနှင့်ဆိုင်သည့် ခံယူချက်များဖြစ်သော ဖန်တီးသူလက်ရာရှင်ကို အသိအမှတ်ပြုခြင်း၊ ထိုလက်ရာကို အသုံးပြုလျှင် ခွင့်ပြုချက်ရယူခြင်း၊ ဖန်တီးသူအတွက် အကျိုးစီးပွား ရရှိစေခြင်း၊ ထုတ်လုပ်သူတို့၏ အကျိုးစီးပွား အချိုးအစား ပါဝင်စေခြင်းတို့အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ရိုးရာပန်း၊ ဓာတ်ပုံ၊ ပုံနှိပ်ထုတ်လုပ်မှုနယ်ပယ် အားလုံး ညီညွတ်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တကွ အနုပညာကို ကိုယ်စားပြုသူများက အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ကြရန် စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ဖန်တီးမှု၏ ပိုင်ဆိုင်ခြင်း၊ ပတ်သက်ခြင်း၊ ဆက်ခံခြင်း ဆိုသည့် ယနေ့နှီးနှောကြမည့် မူပိုင်ခွင့်ကိစ္စများဖြစ်၍ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များကို သက်ဆိုင်သူအားလုံးက သဘောပေါက်ကြရန်လိုကြောင်း၊ မိမိတို့လုပ်ငန်းများအတွက် ဗဟုသုတ ကြွယ်ဝမှုဖြစ်သည့် မူပိုင်ခွင့် နှီးနှောဖလှယ်ပွဲကို ကျင်းပပြီး နောင်တွင် သိမှတ်ဖွယ်၊ ဆောင်ရွက်ဖွယ်၊ အမျိုးသားအကျိုးစီးပွားနှင့် ယှဉ်သည့်ကိစ္စများကို ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် ဆောင်ရွက်ရန် လုပ်ငန်းများ ပေါ်ပေါက်သည့်အခါ အနုပညာအဖွဲ့အစည်း အသီးသီးတို့သည် ယခုကဲ့သို့ လက်ညီတက်ညီ ရင်းရင်းနှီးနှီး ပူးတွဲဆောင်ရွက်ကြရန် အဖွဲ့အစည်းများကို ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Mr. Jorgen Blomquist (Director, Copyright Law Division, WIPO, Geneva) က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ဦးသော်ကောင်း (စာကြည့်တိုက်ပညာရှင်)၊ ဦးတင်ခ(ဒုတိယဥက္ကဋ္ဌ-၁၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)နှင့် ဦးသန်းမောင်(ဒုတိယဥက္ကဋ္ဌ-၂၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)တို့က ဆောင်ရွက်ကြပြီး "Overview of Copyright and Related Rights ; Key Elements and Main Issues" ကဏ္ဍတွင်ပါဝင်သည့် "Basic Nations of Copyright and Related Rights Including Its International Framework of Protection" ခေါင်းစဉ်ဖြင့် Mr. Jorgen Blomquist (Director, Copyright Law Division, WIPO, Geneva) ကလည်းကောင်း၊ "Copyright and Related Rights Protection in Myanmar" ခေါင်းစဉ် ဖြင့် ဦးမြသန်း (အငြိမ်းစား သံအမတ်ကြီး)နှင့် ဦးကျော်ဇောနိုင် (မူပိုင်ခွင့်ပညာရှင်)တို့က လည်းကောင်း စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ထို့နောက် "Taking Art as a Profession ; Between Lifetime Passion and Practical Difficulties" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိအဖြစ် ဒေါက်တာ ခင်မောင်ညွန့် (ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)၊ ဦးစောလှိုင် (ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး)နှင့် ဦးမောင်မောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်မျာ အသင်း) တို့က ဆောင်ရွက်ကြပြီး ဦးမျိုးသန့် (မောင်ဆုရှင်) (မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့)နှင့် ဒေါ်ဆွေဇင်ထိုက် (တွဲဖက်အတွင်းရေးမှူး-၃၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)တို့က စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက်"Economic, Social and Cultural Importance of Copyright and Related Rights" ကဏ္ဍနှင့်စပ်လျဉ်း၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြရာ သဘာပတိအဖြစ် ဒေါက်တာ ခင်မောင်ညွန့်၊ ဦးမြသန်း(အငြိမ်းစား သံအမတ်ကြီး)နှင့် ဦးမြင့်သိန်း (ဒုတိယ ဥက္ကဋ္ဌ-၃၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)တို့က ဆောင်ရွက်ကြပြီး "Economic, Social and Cultural Benefits of Protecting Copyright and Related Rights" ခေါင်းစဉ်ဖြင့် Mr. Paul Wee (Chief Executive Officer, Copyright Licensing and Administration Society of Singapore (CLASS), Singapore) က လည်းကောင်း၊ "Exceptions and Limitations to Rights and other Flexibilities in the Copyright System" ခေါင်းစဉ်ဖြင့် Mr. Jorgen Blomquist က လည်းကောင်း စာတမ်းများ ဖတ်ကြား တင်ပြကြသည်။

ထို့နောက် "Copyright and Related Rights in the Publishing Industry" ကဏ္ဍနှင့် စပ်လျဉ်း၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြရာ သဘာပတိအဖြစ် ဦးမျိုးသန့် (မောင်ဆုရှင်) (ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့)၊ ဦးကျော်ဇောနိုင် (မူပိုင်ခွင့်ပညာရှင်)နှင့် ဦးအေးချစ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း) တို့က ဆောင်ရွက်ကြပြီး "The Structure and Dynamics of the Publishing Industry ; Value Chain and Pricing Strategies" ခေါင်းစဉ်ဖြင့် Mr. Paul Wee က လည်းကောင်း၊ "Copyright and Related Rights in the Publishing Industry" ခေါင်းစဉ်ဖြင့် ဦးမျိုးအောင် (မန်နေဂျင်းဒါရိုက်တာ၊ ပြည့်စုံစာပေတိုက်)နှင့် ဦးအေးလွင် (မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း) တို့က လည်းကောင်း စာတမ်းများ ဖတ်ကြား တင်ပြကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ညပိုင်းတွင် ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်ဟိုတယ်၌ WIPOက ဆွေးနွေးပွဲသို့ တက်ရောက် ကြသူများအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဆွေးနွေးပွဲကို မေ ၁၇ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသား အဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Mr. Jorgen Blomquist အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိရစ္ဆာန်ဆေးပညာကောင်စီ ရွေးချယ်တင်မြှောက်ရန် မှတ်ပုံဝင်တိရစ္ဆာန်ဆေးကုဆရာဝန် အမည်စာရင်းတင်သွင်းနိုင်

ရန်ကုန် မေ ၁၆

တတိယအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီကို ဖွဲ့စည်းရန် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)နှင့် တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(ခ)နှင့်(ဂ)တို့အရ ကောင်စီဝင် ခုနစ်ဦး ရွေးချယ်တင်မြှောက်ရာ၌ ရွေးချယ်တင်မြှောက်ရန် ဆန္ဒရှိသော မှတ်ပုံဝင် တိရစ္ဆာန်ဆေးကုဆရာဝန်များသည် နည်းဥပဒေ ၆ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အမည်စာရင်းတင်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၂)ကို ရန်ကုန်မြို့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံးနှင့် ပြည်နယ်/တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့တွင် ဇွန် ၇ ရက်မှ ၁၂ရက်အတွင်း ရယူနိုင်ပြီး ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံး ဖုန်း-၆၄၄၃၀၈သို့ ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၀** ၅။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၆။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၀၀** ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၂၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ **English Usage**
- ၂၁။ ဗီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၃၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

လေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေးကားလမ်းတစ်လျှောက် ခရီးထွက်ခွာခဲ့ကြရာ လမ်းဘေးဝဲယာတွင် နွေစပါးစိုက်ခင်းများဖြင့် စိမ်းစိုနေသည်ကို တွေ့ရှိခဲ့ကြရသည်။ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကိုလည်း ဝင်ရောက်လေ့လာခဲ့ကြသည်။

တစ်နိုင်ငံလုံးတွင် (၁၇)နှစ်တာကာလအတွင်း အသစ်ထပ်မံ တည်ဆောက်ပေးခဲ့သော ဆည်တမံ ၁၈၅ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ ခု၏ အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ အသစ်ထပ်မံတည်ဆောက်ပေးထားသော ရေအားလျှပ်စစ်စီမံကိန်း ၃၀နှင့် အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းကိုးခု၏ အကျိုးသက်ရောက်မှုကို လည်းကောင်း ရဲနွယ်နှင့် ခပေါင်း ဘက်စုံစီမံကိန်းများကို ကြည့်ရှုလေ့လာရခြင်းဖြင့် မှန်းမျှော်ပုံဖော်တွက်ဆ၍ ရခဲ့ပါသည်။ ဤဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးပြုမှုကြောင့် နှစ်စဉ် စပါးတင်း သန်း ၁၀၀၀ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ပြည်တွင်းဝမ်းစာ ဖူလုံရုံသာမက ပိုလျှံနေခြင်းဖြစ်ပါတကား။ ဤရေအားလျှပ်စစ် စီမံကိန်းများဖြင့် မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ တိုးပွားလာသော စက်မှုကုန်ထုတ်လုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လိုက်ပါဖြည့်တင်းပေးနေခြင်းဖြစ်ပါတကားဟု စဉ်းစားသုံးသပ်နိုင်ခဲ့ပါသည်။

နောင်အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ အထိ ဖူလုံပိုလျှံစွာ စားသုံးနိုင်ရေး မျော်တွေးဆောင်ရွက်နေသော နိုင်ငံတော်၏ စိုက်ပျိုးရေးမူဝါဒတစ်ရပ်ကိုလည်း ကြည်လင်ပြတ်သားစွာ ရှုမြင်နိုင်ခဲ့ပါသည်။ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုနှင့် တည်ဆောက်ရန်လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုတို့၏ အခြေအနေကောင်း၊ အလားအလာကောင်းများကိုလည်း လေ့လာသိရှိခဲ့ရသဖြင့် အနာဂတ်နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် စိတ်အေးခဲ့ရပြန်သည်။

ဆွာလယ်ယာမြေသို့ ရောက်ရှိလေ့လာရသောအခါ ပဲခူးတိုင်း၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ အားရစဖွယ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၈၈ ခုနှစ်က ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးမြေ ဧရိယာမှာ ဧကသိန်း ၂၀ သာသာရှိခဲ့ရာမှ ယခုနှစ်တွင် ဧကသိန်း ၃၀ ကျော်အထိ တိုးမြှင့်စိုက်ပျိုးနိုင်ပြီဖြစ်၍ ဆန်ဖူလုံမှု ၂၃၇ ရာခိုင်နှုန်း ရှိနေပေပြီ။ ဧရာဝတီတိုင်းသည် အောက်မြန်မာပြည်၏ စပါးကျီ၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီ၊ ပဲခူးတိုင်းသည် တစ်ပြည်လုံး၏ အရန်စပါးကျီအဖြစ် တည်ရှိနေပြီဖြစ်၍ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာအခြေအနေမှာ မိမိ၏ ပြည်တွင်းအားဖြင့် ခိုင်မာစွာ ရပ်တည်နိုင်နေကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ဒေသခံ တောင်သူလယ်သမားကြီးတစ်ဦးက ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲနေနိုင်ပုံ၊ ဝင်ငွေကောင်းပြီး လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ ခေတ်ပေါ်လူသုံးကုန်ပစ္စည်းများကို သုံးစွဲနေနိုင်ပုံတို့ကို အားပါးတရ ပြောပြ၍ တောင်သူလယ်သမားကြီးနှင့် ထပ်တူထပ်မျှ ဝမ်းသာခဲ့ကြရသည်။

ယင်းသို့ စာရေးသူတို့ လေ့လာရေးအဖွဲ့အားလုံး ဝမ်းမြောက်ဝမ်းသာ မုဒိတာများဖြင့် တောင်ငူသို့ ခရီးဆက်ကြစဉ် လမ်း၌ အဖျက်မနော၏အနက်သဘောကို စောကြောနိုင်သည့် မြင်ကွင်းနှင့်လည်း ဆုံတွေ့ခဲ့ရပြန်သည်။ ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာအနီး ရန်ကုန်–မန္တလေး ကားလမ်းပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးနေသည့် မြင်ကွင်းပင်ဖြစ်ပါသည်။ နောက်ပိုင်း စုံစမ်းသိရှိရသည်မှာ တောကျွဲအင်းကျေးရွာနေ ပျံကျလုပ်စားသူ ငဇော် ဆိုသူအား KNU အမာခံများက ချိန်ကိုက်မိုင်းတစ်လုံးကို တစ်နေရာသို့ ငွေပေးပို့ဆောင်ခိုင်း၍ စက်ဘီးနင်းပြီး သယ်ဆောင်လာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ စာရေးသူတို့ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ KNU တို့၏ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တစ်ခုကို ကိုယ်တွေ့မျက်မြင် ရှုမြင်ဆင်ခြင်နိုင်စေခဲ့သည့်ဖြစ်ရပ်ဟု ဆိုရပါမည်။

နောက်တစ်နေ့ တောင်ငူမှ ဆက်ထွက်ရသော ခရီးစဉ်တွင် မည်သို့သောဖြစ်စဉ်များနှင့် ကြုံတွေ့ရဦးမည်လဲဟု စိုးရိမ်စိတ်ဖြစ်ပွားခဲ့မိကြောင်း ဝန်ခံလိုပါသည်။ သို့ရာတွင် အမှန်ကိုမြင်တွေ့မှ အမှန်အတိုင်း ရေးသားတင်ပြနိုင်မည်ဟူသော ခံယူမှုဖြင့် မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး လိုက်ပါလေ့လာခဲ့ပါသည်။ တောင်ငူမှထွက်ပြီး စစ်တောင်းမြစ်ကို ဖြတ်ကျော်ကာ ထန်းတပင်မြို့နယ်အတွင်းသို့ ရောက်ရှိခဲ့သည်။ လမ်းတစ်လျှောက်တွင် မြို့ပြများနှင့်မခြား စည်ကားသာယာနေသော ကျေးရွာကြီးများကို ဖြတ်သန်းခဲ့ရ၍ စိတ်လက်ပေါ့ပါးလာခဲ့ပါသည်။ ကျေးရွာသူ ကျေးရွာသားများက ပုံမှန်လှုပ်ရှား သွားလာနေကြသည်။ ထိုနေ့မှာ အများပြည်သူရုံးပိတ်ရက် စနေနေ့ဖြစ်၍ တိုက်တိုက်ဆိုင်ဆိုင်ပင် ရွာသုံးရွာ၌ ကျင်းပနေသော ထိမ်းမြားမင်္ဂလာပွဲသုံးခုကို အသံချဲ့စက်မှသီချင်းသံ တကြော်ကြော်၊ ဝတ်ကောင်းစားလှများဖြင့် မင်္ဂလာပွဲသို့ သွားလာနေကြပုံ တပျော်ပျော်ကို နားဆင်တွေ့မြင်ရသည်မှာ မင်္ဂလာရှိသော မြင်ကွင်းများပင်ဖြစ်ပါသည်။

လမ်းခရီးတွင် ပအိုဝ်းရွာများကိုလည်း တွေ့ခဲ့ရသည်။ ကရင်ရွာများကိုလည်း တွေ့ခဲ့ရသည်။ တောတောင်နှင့် နီးစပ်သော ဒေသများဖြစ်၍ အနိမ့်ဆုံး သစ်ကြီးဝါးကြီးများဖြင့် ဆောက်လုပ်ထားသောအိမ်များ၊ တိုက်ခံအိမ်များ၊ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီယာဉ်များ၊ ရုပ်မြင်သံကြား အင်တာနာများ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းထားသည့်ကြိုးများ စသည်ဖြင့် ကျေးလက်ဖွံ့ဖြိုးမှု မြင်ကွင်းများကိုလည်း တွေ့ရှိခဲ့ရသည်။ ရိတ်သိမ်းပြီးစ စပါးခင်းများတွင် ကျက်စားနေသော နွားအုပ်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဝက်၊ ဘဲများ၊ ခြံဝင်းအသီးသီး၌ စိုက်ပျိုးထားသော သီးနှံပင်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၊ ကုန်စုံဆိုင်များ စသည်ဖြင့် မြင်တွေ့ရသောအခါ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းမှ ဒေသခံ တိုင်းရင်းသားပြည်သူများထွက်ပြေးတိမ်းရှောင်နေရသည် ဟူသော KNU နှင့် အပေါင်းပါတို့၏ မဟုတ်မဟတ် လုပ်ဇာတ်မှာ ဘူးပေါ်သလို ပေါ်သွားခဲ့ပြီဖြစ်ပါသည်။

ပဲခူးတိုင်း ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်၏အစပ်တွင် တည်ရှိသည့် သပြေညွန့်ကျေးရွာသို့အဝင်တွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလက KNU တို့ ဝင်ရောက်မီးရှို့သွားသော ကျေးလက်တန်ဖိုးနည်းအိမ်ရာ ၁၂ လုံး၏နေရာကို မြင်တွေ့ခဲ့ရသည်။ သပြေညွန့်ကျေးရွာသည် တောင်ငူမှ မိုင် ၃၀ ခန့်ဝေးပြီး ကရင်၊ ပအိုဝ်း၊ ဗမာ စသည့် တိုင်းရင်းသားများ စုစည်းနေထိုင်ရာ ကျေးရွာကြီးတစ်ရွာဖြစ်သည်။ အိမ်ခြေ ၂၅၈ အိမ်၊ လူဦးရေ ၂၆၉၈ ဦး ရှိသည်။ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ဘုရားရှိခိုးကျောင်းသုံးကျောင်းရှိပြီး အထက်တန်းကျောင်းခွဲတွင် ဆရာ ဆရာမ ၂၆ ဦး၊ ကျောင်းသူကျောင်းသား ၆၀၀ ခန့် ပညာသင်ကြားနေကြသည်။ ပုဂံခေတ် မဏိစည်သူမင်းကြီးလက်ထက်က ခေတ္တစခန်းချရပ်နားခဲ့ရာ တဲနန်းတော်နေရာကို အခြေပြုရွာ တည်ခဲ့ပြီး တည်နေရာ အဆင့်ဆင့်ပြောင်းလဲကာ ၁၉၇၂ ခုနှစ်၌ ယခုလက်ရှိနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မဲဖုံဖြူ၊ မဲခွာ၊ ဆူးပုတ်အိုင်၊ အင်ကြင်းသာ၊ သပြေညွန့် စသည့် ကျေးရွာများမှ ရေကြည်ရာမြက်နုရာ လာရောက်စုစည်း နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

KNU သောင်းကျန်းသူအဖွဲ့အတွင်းမှ အချင်းချင်း အနိုင်ကျင့်သည့်လုပ်ရပ်များ၊ ပြည်သူလူထုအပေါ်၌ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်သည့် လုပ်ရပ်များကို မလိုလားသဖြင့် အလင်းဝင်ရောက်လာခဲ့သူများကိုလည်း သပြေညွန့်ကျေးရွာ၌ နေထိုင်လိုပါက နေထိုင်လုပ်ကိုင် စားသောက်နိုင်ရန်အတွက် နိုင်ငံတော်မှ အဘက်ဘက်က ကူညီထောက်ပံ့ပြီး နေရာချထားပေးခဲ့စဉ် KNU များက အလစ်အငိုက် ဝင်ရောက်၍ နှစ်ကြိမ်တိုင်တိုင် မီးရှို့ပစ်ခတ် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ သပြေညွန့်ကျေးရွာမှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါ အရှေ့ရိုးမတောင်စွယ်တောင်တန်းများကို မြင်တွေ့ရသည်။ ဤနယ်မြေ ဤဒေသသည် ယခင်က အကြမ်းဖက်အဖျက်သမားများကင်းဝေးရာ အဖြူရောင်ဒေသဖြစ်ပါသည်။ဤနယ်မြေ ဤဒေသသည် KNUသောင်းကျန်းသူတို့၏ အကြမ်းဖက်ခြိမ်းခြောက်မှုအောက်မှ ရုန်းထွက်လာသူတို့၏နားခိုရာဒေသလည်း ဖြစ်ပါသည်။

ပြည်တွင်းပြည်ပသတင်းစာဆရာများက ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံမေးမြန်းရာတွင် တောင်ပေါ်၌ ရွာဟူ၍ မရှိကြောင်း၊ KNU နှင့် ၎င်းတို့မိသားစုများ၊ ၎င်းတို့အမာခံများသာ အနည်းအကျဉ်း ရှိကြောင်း၊ ထိုသူများကသာ မိမိတို့ရွာသူရွာသားများ တောင်ပေါ်တက်၍ အသက်မွေးဝမ်းကျောင်းလုပ်သည့်အခါ ခြိမ်းခြောက် အကျပ်ကိုင် အနိုင်ကျင့်နေကြကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများသို့ဆင်းပြီး ဆက်ကြေးကောက်၊ လူသတ်၊ မီးရှို့ လုပ်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့ရွာသူရွာသားများ မသွားရဲ မလာရဲ မလုပ်ရဲ မကိုင်ရဲဖြစ်အောင် မိုင်းများထောင်နေကြခြင်းဖြစ်ကြောင်း၊ KNUတို့ ပြောကြားနေသည့် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင် ဆိုသည်မှာ ၎င်းတို့၏ သတ်မှတ်ချက်အရသာ ပြောနေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်း၌ ညောင်လေးပင် ခရိုင်ဟူ၍လည်းမရှိကြောင်း၊ ၎င်းတို့ ဆက်ကြေးကောက်ခံနိုင်ရန်အတွက် ၎င်းတို့ဘာသာ နယ်မြေ သတ်မှတ်ထားခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားကြပါသည်။

ယင်းသို့ ပကတိဖြစ်ရပ်မှန်များနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ဆုံမေးမြန်း သိရှိရသောအခါ "အဖြူကိုမည်းသူ အနက်ဆိုးသနည်း" ဟူသော ဝတ္ထုစာအုပ်တစ်အုပ်၏အမည်ကို စာရေးသူ ပြန်လည်အမှတ်ရမိလိုက်ပါသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သော အဖြူရောင် နယ်မြေဒေသကို KNU အကြမ်းဖက် သောင်းကျန်းသူတို့က အနက်ဆိုးရန် လုပ်ကြံဖန်တီးနေကြပြီဖြစ်ရာ အဖြူပေါ်အနက်မလွှမ်းစေရန် တားဆီးကာကွယ်ကြရမည်မှာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ တာဝန်သာဖြစ်ကြောင်း ကိုယ်တွေ့မျက်မြင် သုံးသပ်ဆင်ခြင်နိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

ကြံခင်းမြို့နယ်မှ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် ကြံခင်းမြို့နယ် အသင်းဥက္ကဋ္ဌ ဦးစန်းလွင်၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်ဌေးတို့၏ စီစဉ်မှုဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းသည့် အခမ်းအနားကို မေ ၁၅ရက်က မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်က သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးကြည်ထံ ပေးအပ် လှူဒါန်းစဉ်။ (က–ပ)

ရန်ကင်းပညာရေးကောလိပ် အလယ်တန်းဆရာအတတ် စာပေးစာယူ(၁)နှစ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၆

ပညာရေးဝန်ကြီးဌာန ရန်ကင်းပညာရေးကောလိပ် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် အလယ်တန်းဆရာအတတ် စာပေးစာယူ(၁)နှစ်သင်တန်း အမှတ်(၁၁) ပထမအကြိမ် အနီးကပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးမဲအောင်က တန်းခွဲအလိုက် သင်တန်းသူ၊ သင်တန်းသား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်၊ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အနီးကပ်

အလယ်တန်းဆရာအတတ် စာပေးစာယူ(၁)နှစ်သင်တန်း အမှတ်စဉ်(၁၁) ပထမအကြိမ် အနီးကပ်သင်တန်းကို ရန်ကင်းပညာရေးကောလိပ်၌ ၂၀၀၅ ခုနှစ် ဧပြီ ၁၉ရက်မှစ၍ ဖွင့်လှစ်ပို့ချရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန(ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်)တို့မှ လုပ်ငန်းခွင်တာဝန်ထမ်းဆောင်နေသော (အလယ်တန်းပြနှင့် မူလတန်းကျောင်းအုပ်) ဆရာ၊ ဆရာမ ၆၈၉ ဦး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်)မှဆရာ၊ ဆရာမ ၄၈၂ ဦး စုစုပေါင်း ၁၁၇၁ ဦး တက်ရောက်ခဲ့ကြသည်။(သတင်းစဉ်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ၊ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိ(ရွှေတိဂုံပုံတူ) ၁၀၈ ပေစေတီတော်အတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို နှစ်ဖက်သော မိဘများအား အမှူးထား၍ သဃ်န်းကျွန်းမြို့နယ်နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ဒေါ်ဥမ္မာ မိသားစုက သာသနာပြုဦးစီးပဓာနနာယက အောင်စေတီ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၁ လမ်းနေ နှစ်ဖက်မိဘများနှင့် ကွယ်လွန်သူ (ဒေါ်ခင်ညိမ်း၊ သား ကိုအောင်ကျော်ဦး) တို့အား ရည်စူး၍ ဦးဘိုနီနှင့် သားသမီး၊ မြေးများက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျောင်းလမ်း မြေနီကုန်း မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဆရာတော် အရှင်သီလက္ခန္ဓ(ဗုဒ္ဓဂယာ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

➪ **တိုင်းမှူးမှ**

ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူ များအား လိုအပ်သည်များမှာကြား ညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍တိုင်းမှူးသည် ရမည်းသင်းမြို့နယ် စုပေါင်း ခြံစည်းရိုး ကြက်ဆူ ၁၂ ဧက စိုက်ခင်းသို့ ရောက်ရှိရာ ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီအောင်က ရမည်းသင်းမြို့နယ်အတွင်း ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားကာ စုပေါင်းစိုက်ခင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် ရမည်းသင်းခရိုင် စက်မှုလယ်ယာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းနှင့် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ရမည်းသင်း မြို့နယ်အတွင်း လမ်းဘေး ဝဲ/ယာ တစ်လျှောက်၌ ကျေးရွာများ၏ ခြံစည်းရိုး ကြက်ဆူစုပေါင်း စိုက်ကွင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ရမည်းသင်းမြို့နယ်တွင် ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူ ၁၂၈၆၃ ဧက စိုက်ပျိုးရန်လျာထားရာ ၁၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ ပျိုးပင်များ စုဆောင်းထားရှိပြီးဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ၂၃ဦးပါ အမည်စာရင်း ဘရာဇီးကြေညာ

ရီယိုဒီဂျနေရိုး မေ ၁၆

ဘရာဇီးနည်းပြ ကာလို့စ်အယ်လ်ဘာတိုပရဲယားသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ရွေးစင်ဘောလုံးအသင်းအတွက် ၂၃ ဦးပါ အသင်းသားစာရင်းကို တနင်္လာနေ့တွင် ရွေးချယ်လိုက်သည်။

မိမိတို့၏ ဘရာဇီးဘောလုံးအသင်းအနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲခံ အနိုင်ရရှိရေးမှအပ အခြားမည်သည့်အရာကိုမျှ အာရုံစိုက်မည်မဟုတ်ကြောင်း နည်းပြပရဲယားက ပြောကြားသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းအောင်ပွဲခံရန် အစွမ်းကုန်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ မိမိတို့တွင် အရည်အသွေးပြည့်ဝသော ဘောလုံးသမား အများအပြားရှိကြောင်း၊ အကယ်၍ မိမိတို့ အသင်းတွင် ရော်နယ်လ်ဒင်ဟို မပါသည့်တိုင်အောင် ပွဲတစ်ပွဲကို အနိုင် ကစားနိုင်စွမ်းရှိသည့် အခြားဘောလုံးသမားသုံးဦး သို့မဟုတ် လေးဦး ရှိကြောင်း ပရဲယားက ပြောကြားသည်။

သို့ရာတွင် မိမိတို့အသင်းသည် မည်သည့် ပြိုင်ဘက်အသင်းကိုမဆို ပေါ့ပေါ့တန်တန် သဘောထားမည် မဟုတ်ကြောင်း ၎င်းက ပြောကြား သည်။ ဘရာဇီးအသင်းသည် ပထမ အဆင့်အုပ်စုတွင် ခရိုအေးရှား၊ ဩစတြေးလျ၊ဂျပန်တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘရာဇီးဘောလုံး အသင်းနည်းပြကာလို့စ် အယ်ဘာတို ပရဲယား။ (ဓာတ်ပုံ–အင်တာနက်)

ပြည်ပအားကစားသတင်း

ဘရာဇီးအသင်းတွင် ပါဝင်မည့်သူများ

ဂိုး

ဒီဒါ၊ ဂျူလီယိုဆီဇာ၊ ရော်ဂျာ ရီယိုဆင်နီ။

နောက်တန်း

ကာဖူး၊ ဆစ်ဆင်ဟို၊ လူစီယို၊ ယွန်း၊ ရော်ဘတ်တိုကာလို့စ်၊ ဂီလ်ဘာတို၊ ခရစ္စ၊ လူဝီဆာအို။

အလယ်တန်း

အက်ဒ်မီလ်ဆင်၊ ဂျူနင်ဟိုဖာနမ်ဘူကာနို၊ အမ်မာဆင်၊ ဇီးရော်ဘာတို၊ ဂီလ်ဘာတိုဆေးလ်ဗား၊ ကာကာ၊ ရီကာဒင်ဟို။

ရှေ့တန်း

ရော်လ်နယ်ဒို၊ ရော်ဘင်ဟို၊ ရော်နယ်လ်ဒင်ဟို၊ အက်ဒရီယာနို၊ ဖရက်ဒ်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ အင်တာနက်သတင်း

အမေရိကန်နိုင်ငံ နယူးအင်္ဂလန်ဒေသတွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးရေကြီး

ဘော်စတွန် မေ ၁၆

အမေရိကန်နိုင်ငံ နယူးအင်္ဂလန်ဒေသတွင် ဆယ်စုနှစ်တစ်ခုအတွင်း မိုးအသည်းထန်ဆုံး ရွာသွန်းမှုကြောင့် မြစ်ရေများလျှံတက်လာရာ မက်ဆာချူးဆက်ဒေသ၊ မိန်းဒေသနှင့် နယူးဟမ်ရှိုင်းယား စသောဒေသများတွင် ရေကြီးနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာသည်။

ထိုရေကြီးမှုများကြောင့် လူထောင်ပေါင်းများစွာတို့မှာ နေအိမ်ကိုစွန့်၍ ဘေးလွတ်ရာသို့ ထွက်ပြေးရမည့် အခြေအနေရှိနေသည်။ ယင်းဒေသရှိ မြို့များတွင် ခါးလယ်လောက်အထိ ရေတက်နေသည့်အတွက် လူအများအပြားမှာ လှေများဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာနေကြရသည်။

မေ ၁၆ရက်နေ့ အထိ မိုးများ ဆက်လက် သည်းထန်နေမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ယနေ့မိုးလေဝသ
၁၇–၅–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

❍ **ခြေတုနှစ်ဖက်မှ**

ထိုသို့ ခြေထောက်နှစ်ဖက်ဆုံးရှုံးခဲ့ရသော်လည်း ၎င်းသည်မလျှော့သောဇွဲဖြင့် တောင်တက်သည့်အလုပ်ကို ဆက်လက် လုပ်ကိုင်ခဲ့သည်။

မတ်အင်္ဂလီစ်သည် ၂၀၀၄ခုနှစ်က တိဘက်ရှိ ၈၂၀၁မီတာမြင့်သည့် ချိုအိုယူတောင်ကို တက်ရောက်အောင်မြင်ခဲ့ပြီး ယခု ၂၀၀၆ခုနှစ်တွင် မီတာ ၈၈၅၀မြင့်သည့် ဧဝရက်တောင်ထွတ်ကို အောင်မြင်စွာ တက်ရောက် နိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



အေစီမီလန် တိုက်စစ်မှူး ဖီးလစ်ပို အင်ဇာဂီ။ *(ဓာတ်ပုံ–အင်တာနက်)*

အီတလီ လက်ရွေးစင်အသင်းတွင် အင်ဇာဂီနှင့် ဘတ်ဖွန်တို့ပါဝင်

ရောမ မေ ၁၆

လာမည့်လတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အီတလီနည်းပြ မာဆယ်လိုလစ်ပီ၏ ၂၃ ဦးပါလက်ရွေးစင် ဘောလုံးအသင်းအမည်စာရင်းတွင် အေစီမီလန်တိုက်စစ်မှူး ဖီးလစ်ဖိုအင်ဇာဂီ ပါဝင်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီတလီ လက်ရွေးစင်ဘောလုံးအသင်းတွင် ဂိုးသမားအဖြစ် ဂီယန်လီမီဘတ်ဖွန်ရွေးချယ်ခံရသည်။

တိုက်စစ်မှူး အင်ဇာဂီသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အီတလီလက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိပေ။ ယင်းမှာ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်ရပ်များနှင့် ဆက်တိုက်ကြုံတွေ့ခဲ့ရခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် မကြာသေးမီကာလမှစ၍ အေစီမီလန်အသင်းတွင် ၎င်း၏ ကစားမှုပုံစံ ထူးခြားလာခြင်းကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ရွေးချယ်ခံရခြင်းဖြစ်သည်။

ဂျူဗင်းတပ်စ်အသင်းမှ ဂိုးသမား ဘတ်ဖွန်သည် ယခုလောလောဆယ်တွင် ဘောလုံးလောင်းကစား အရှုပ်တော်ပုံအတွက် စုံစမ်းစစ်ဆေးမှုများ၌ ဆက်နွယ်ပတ်သက်နေသူဖြစ်သော်လည်း အီတလီဘောလုံးအသင်းတွင် ရွေးချယ်ခံထားရသည်။ ***အမ်အင်အေ၊ရိုက်တာ***

ထာဝရ ငွေပဒေသာပင် လှူဒါန်း

ပုဇွန်တောင်မြို့နယ်နေ လိပ်ကန်လမ်း ပုဇွန်တောင်ဥယျာဉ် အိမ်ရာ ဦးဝင်းအောင်–ဒေါ်တင်တင်အိ၊ သမီး–သင်းသင်းလှိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံ ယူစဉ်။

(က–ပ)

နိုင်ငံခြားသားများပါသည့် တာချီလိတ်မှချဲဒိုင် ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

နှစ်လုံးထီ၊ သုံးလုံးထီ၊ ချဲထီများအပါအဝင် တရားမဝင်လောင်းကစားမှုများနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုခင်းများ၊ လောင်းကစားမှုများ ပပျောက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ မေ ၂ရက် မွန်းလွဲ ၁နာရီခွဲတွင် သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ပုံလို့လမ်း၊ အမှတ်(၂/၃၀) ဦးညီညီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ချဲထီလောင်းကစားပြုလုပ်နေသော တစ်ဖက်နိုင်ငံသားကိုးဦးနှင့် တာချီလိတ်မြို့မှ ခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

တာချီလိတ်မြို့မှ ဖမ်းဆီးရမိသူများမှာ အိမ်ရှင်ကိုညီညီ(အဘ–ဦးနေထွန်း)၊ မကာဟိုခမ်းရပ်ကွက်၊ အမှတ်(၆/၄၀)နေ မသိန်းသိန်းထွေး(အဘ–ဦးမြအေး)၊ ဟောင်လိတ်ကျေးရွာအုပ်စုတော်ကော့(အတွင်း)ရပ်ကွက်၊ အမှတ်(၁၀၀)နေ မနန်းဖူး(အဘ–ဦးစိုင်းခမ်း)၊ မကာဟိုခမ်းရပ်ကွက်၊ သစ်တောဝင်းနေ မောင်ဇော်ပိုက် (အဘ–ဦးလှသန်း)၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ အမှတ်(၃/၁၃)နေ မနန်းရှဲန်(အဘ–ဦးစိုင်းကျွတ်)နှင့် မယ်ခေါင်ရပ်ကွက်နေ မနန်းဟွန်း(အဘ–ဦးအိုက်ဆမ်)တို့ဖြစ်၍ ၎င်းတို့အား လောင်းကစားပစ္စည်းများ၊ မြန်မာငွေကျပ် ၁၂၂၀၀၀၀၊ တစ်ဖက်နိုင်ငံသုံးငွေဘတ် ၉၅၀၀၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါ
နှိုးဆော်ချက် (၂)

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့် ရေများစီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များ ပေါများခြင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုနည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

* အရည်ဝမ်းများသွားခြင်း

* အော့အန်ခြင်းတို့ကြောင့်

ခန္ဓာကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားများ လျင်မြန်စွာဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ်ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့် ရေနှင့်ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ ပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်း အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဥပဒေကျောင်းသားဟောင်းများမိတ်ဆုံပွဲ

ရန်ကုန် မေ ၁၆

၁၉၈၇ခုနှစ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် တွေ့ဆုံ မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Shopping Center တွင် မေ ၂၇ရက် ညနေ ၄နာရီ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်နှင့် နယ်ရောက် ဥပဒေမောင်နှမများအားလုံး တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါ်ယုယုခင် ဖုန်း–၀၉၅၀၁၁၅၈၅ နှင့် ဒေါ်ယဉ်ယဉ်အေး ဖုန်း–၀၁–၃၈၃၉၆၃ တို့ထံ ဆက်သွယ်ကြရန်နှိုးဆော်ထားသည်။

(က–ပ)

▲ ကျောဖုံးမှ

ပေနက်ပိုင်းအလားအလာများကို ထပ်မံရှာဖွေ တူးဖော်သွားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားကြရန် ပြောကြားပြီး တွင်းတူးစက်နှင့် တွင်းပြင်စက်နေရာချထားမှု အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများတို့ကို ချမှတ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် သာကြီးတောင် ရေနံမြေအတွင်း အသစ်ထပ်မံတူးဖော်လျက်ရှိသည့် တွင်းသစ်အမှတ်(၄၄)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေသို့ ရောက်ရှိလာရာ ရေနံမြေရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးမြစိန်က လျာထားချက်နှင့် ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက သာကြီးတောင်နှင့် စပယ်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ အနက်ပေ ၁၀၀၀၀ ကျော်တွင်ရှိသည့် ပေနက် အလားအလာအသစ်များကိုပါ ဆက်လက်ရှာဖွေ တူးဖော်ထုတ်လုပ်သွားနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေနံမြေများအားလုံး၌ ခြံစည်းရိုးကြက်ဆူပင်ကို မြေလွတ်မြေရိုင်းများပါမကျန် စီမံကိန်းချမှတ်၍ တိုးချဲ့စိုက်ပျိုးသွားကြရန်တို့ကို မှာကြားပြီး ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်ယူသုံးစွဲလျက်ရှိသည့် သဘာဝဓာတ်ငွေ့ကို ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေး ဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

အဆိုပါ သာကြီးတောင်/စပယ် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ ရေနံစိမ်းစည်ပေါင်း ၃၆၀ကျော်ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၉သန်းခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

✻ မြန်မာဖူဆယ်မှ

၂၀၀၅ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် ဘောလုံးအဖွဲ့ချုပ် အသစ်နှင့်အတူ များမကြာမီမှာပင် ပေါက်ဖွားလာခဲ့သည့် ဖူဆယ် အားကစားနည်းသည် ယခုဆို ပထမဦးဆုံး ပြည်ပပြိုင်ပွဲ၌ပင် အောင်မြင်မှု စတင်ရယူနိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ် အားကစားနည်းကို ပြည်သူလူထု အတွင်း စိမ့်ဝင်ပျံ့နှံ့လာစေရေး၊ ပြည်တွင်း၌ ပြိုင်ပွဲများ ကျင်းပပြီး ဖူဆယ် အားကစားသမားကောင်းများ ရှာဖွေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်အောင်နိုင်ရေး တို့အတွက် အထူးဝါယမစိုက်ထုတ် ကြိုးပမ်းလျက်ရှိသည်။

ဖူဆယ်အားကစားနည်းကို ဥရောပနိုင်ငံများမှ စတင်ကစားခဲ့ကြောင်း သိရှိရသည်။ အအေးလွန်ကဲသည့် ရာသီများ၌ ဘောလုံးကွင်းများတွင် ဘောလုံးကစားရန် ခက်ခဲသည့်အတွက် အားကစားရုံတွင်း ဘောလုံးကစားသည့် ဖူဆယ်ဘောလုံးပွဲများ စတင်ပေါ်ပေါက်လာသည်။ ဖူဆယ်ဘောလုံးပွဲသည် ဘတ်စကက်ဘော အားကစားနည်းနှင့် အလားသဏ္ဌာန်တူပြီး အချိန်မရွေး လူလဲကစားနိုင်သော အားကစားနည်း ဖြစ်သည်။ ဖူဆယ်(Futsal)ဆိုသည်မှာ စပိန်-ပေါ်တူဂီ ဘာသာစကားမှ ဆင်းသက်လာသော စကားရပ်ဖြစ်သည်။ ဖူဆယ်ကစားသည့် ဘောလုံးကွင်းမှာ ကွင်းအကျယ်(၂ မီတာ x၄၀ မီတာ)ရှိသည်။ ၁၂ဦးဖြင့် အသင်းဖွဲ့စည်းရပြီး ကစားသမား ငါးဦးဖြင့် ကစားရသည်။ မိနစ် ၂၀ နှစ်ပိုင်း ကစားပြီး အရန်ခုနစ်ဦးအား အကြိမ်ကြိမ် လူလဲနိုင်ကြောင်း သိရသည်။ ဘောလုံးအရွယ်အစားမှာ နံပါတ်(၄) ဖြစ်ပြီး သာမန်ဘောလုံးထက် တန်ပြန်ခုန်နှုန်း ၃၀ ရာခိုင်နှုန်း လျော့သော ဘောလုံးအမျိုးအစား ကစားကြသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပခဲ့သောပြိုင်ပွဲမှာ မြို့တော်ဝန်ဖလားပြိုင်ပွဲဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော်ဝန်က ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရန် ကူညီထောက်ပံ့ခဲ့ရာ ကလပ်အသင်းပေါင်း ၂၇၀ ကျော် ယှဉ်ပြိုင်သည်အထိ စည်ကားစွာ ကျင်းပနိုင်ခဲ့သည်။ ယင်းကဲ့သို့ ပြည်တွင်းပြိုင်ပွဲ၌ အသင်း ၂၇၀ ကျော် ယှဉ်ပြိုင်သော ပြိုင်ပွဲများကို ကမ္ဘာ့ဖူဆယ် အင်အားကြီးနိုင်ငံများ၌ပင် ကျင်းပခြင်းမရှိဘဲ မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခြင်းဖြစ်သည်။ အဆိုပါ မြို့တော်ဝန်ဖလားပြိုင်ပွဲမှ ထွက်ပေါ်လာသော အလားအလာရှိသည့် ကစားသမားများပြိုင်ပွဲတွင် အထောက်အကူပြုနိုင်မည့် ဘောလုံးလက်ရွေးစင်ဟောင်းကြီးတချို့ဖြင့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ဖွဲ့စည်းကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပထမဦးဆုံး ခြေလှမ်းအဖြစ် ယခုအာဆီယံ ဖူဆယ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခု အာဆီယံဖူဆယ်ပြိုင်ပွဲကို အမြင့်ဆုံး ဆီမီးဖိုင်နယ်ရောက်ရန်သာ မျှော်မှန်းချက်ထား ယှဉ်ပြိုင်ခဲ့သော်လည်း တတိယကြေးတံဆိပ် ဆွတ်ခူးရယူနိုင်ခဲ့၍ အောင်မြင်မှု ရခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အာဆီယံ ဖူဆယ်ပြိုင်ပွဲကို နိုင်ငံရှစ်နိုင်ငံမှ ဝင်ရောက် ယှဉ်ပြိုင်ရန် စာရင်းပေးခဲ့ရာ (က) အုပ်စုတွင် အိမ်ရှင် ထိုင်း၊ မြန်မာ၊ ဘရူနိုင်း၊ အရှေ့တီမော၊ (ခ)အုပ်စုတွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။ မြန်မာအသင်းပါဝင်သော အုပ်စုတွင် ပါဝင်သော အရှေ့တီမောအသင်းမှာ ပြိုင်ပွဲနီးမှ နုတ်ထွက်သွား၍ သုံးသင်းသာ ယှဉ်ပြိုင်ခဲ့ရသည်။ ပထမပွဲစဉ်များတွင် မြန်မာက ဘရူနိုင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသလို ထိုင်းကလည်း ဘရူနိုင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရ၍ နှစ်သင်းစလုံး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ဘရူနိုင်း အုပ်စုမှ ထွက်ခဲ့ရသည်။ အုပ်စုဗိုလ်နေရာအတွက် အဆုံးအဖြတ်ပွဲတွင် ထိုင်းက ၂၂ ဂိုး-၃ ဂိုးဖြင့် အနိုင်ရသွား၍ မြန်မာ အုပ်စု ဒုတိယရရှိခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းသည် (ခ)အုပ်စုမှ ပထမရလာသည့် အင်ဒိုနီးရှားနှင့် ကစားရာ အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ငါးဂိုး-သုံးဂိုးဖြင့် အရေးနိမ့်ခဲ့၍ ဗိုလ်လုပွဲနှင့် ဝေးခဲ့ရသည်။ ဒုတိယအကြိုဗိုလ်လုပွဲတွင် ကမ္ဘောဒီးယားကို ၁၉ ဂိုး-၁ ဂိုးဖြင့် အနိုင်ရလာသည့် ထိုင်းအသင်းသည် ဗိုလ်လုပွဲ၌ အင်ဒိုနီးရှားကို ၁၀ ဂိုး-၃ ဂိုးဖြင့် ထပ်မံအနိုင်ရ၍ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက် ထိန်းသိမ်းသွားသည်။ တတိယနေရာလုပွဲတွင် မြန်မာက ကမ္ဘောဒီးယားကို ၁၀ ဂိုး-၂ ဂိုးဖြင့် အနိုင်ရပြီး တတိယ ရရှိခဲ့သည်။ ပြိုင်ပွဲဝင် ခုနစ်သင်းအနက် မြန်မာအသင်းသည် ပြည်ပအတွေ့အကြုံ ပထမဦးဆုံးဖြစ်သော်လည်း ဆုတံဆိပ် ရယူနိုင်ခဲ့သည်။

မိမိတို့ထက် နိုင်ငံတကာ အတွေ့အကြုံများသည့် အသင်းများကို ဖြတ်ကျော်ပြီး တတိယဆု ရရှိခဲ့ခြင်းဖြစ်ကြောင်း အုပ်ချုပ်သူ ဦးကြည်မင်းသိန်း ပြောကြားစဉ်။
(ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်)

၂၀၀၆ ခုနှစ် အာဆီယံ ဖူဆယ် ဘောလုံးပြိုင်ပွဲတွင် တတိယရရှိခဲ့သော မြန်မာအသင်း၏ ပြိုင်ပွဲအတွေ့အကြုံ၊ အာဆီယံနိုင်ငံများ၏ ဖူဆယ်အနေအထားတို့နှင့် ပတ်သက်၍ သိရှိနိုင်ရန် အသင်းအုပ်ချုပ်သူ ဦးကြည်မင်းသိန်း(အမှုဆောင်၊ ဘောလုံးအဖွဲ့ချုပ်) အား ကြေးမုံက မေးမြန်းခဲ့ပါသည်။

အုပ်ချုပ်သူ ဦးကြည်မင်းသိန်းက “မိမိတို့ မြန်မာအသင်း မျှော်မှန်းထားသည့်အတိုင်း အုပ်စုအဆင့်ကို ကျော်လွန်ပြီး တတိယဆုကို ရယူနိုင်ခဲ့၍ ဝမ်းသာရပါကြောင်း၊ မိမိတို့အသင်းဟာ နိုင်ငံတကာအတွေ့အကြုံ အများကြီးသာသည့် နိုင်ငံများကို ဖြတ်ကျော်ပြီး ဆုတံဆိပ်ရခဲ့ခြင်း ဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်ခုလုံးအပေါ် သုံးသပ်ရလျှင် ထိုင်းကလွဲလျှင် အခြားအသင်းများမှာ ကွာခြားမှု သိပ်မရှိကြောင်း၊ ထိုင်းအသင်းက နည်းစနစ်အပိုင်း၊ နိုင်ငံတကာ အတွေ့အကြုံ၊ ကြံ့ခိုင်မှု၊ အရပ်အမောင်းတွေမှာ အခြားအသင်းများထက် သာကြောင်း၊ မြန်မာအသင်း၏ ပထမဦးဆုံး ဖူဆယ် နိုင်ငံတကာပွဲအဖြစ် ခြေချသည့်ပွဲမှာ ဘရူနိုင်းကို ဂိုးပြတ် အနိုင်ယူခဲ့ကြောင်း။

“အိမ်ရှင် ထိုင်းအသင်းမှာ ကမ္ဘာ့ပြိုင်ပွဲအထိ ယှဉ်ပြိုင်နေပြီး ဘရာဇီးနည်းပြနှင့် စနစ်တကျ ပြင်ဆင်ထားသည့် အသင်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားနှင့် အကြိုဗိုလ်လုပွဲမှာ ခြေစွမ်းအရ သိပ်မကွာသော်လည်း မိမိတို့ အတွေ့အကြုံနည်း၍ ရှုံးရခြင်းဖြစ်ကြောင်း၊ သုံးပွဲကစားထားသည့် အတွေ့အကြုံ ရထားရ၍ ကမ္ဘောဒီးယားနှင့် ကစားရသည့်ပွဲတွင် ကောင်းကောင်း ကစားနိုင်ခဲ့ကြောင်း၊

“မိမိတို့မြန်မာအသင်း လောလောဆယ် အာဆီယံပြိုင်ပွဲတွေမှာ ထိုက်သင့်သည့် အောင်မြင်မှုများရရန် အများကြီး ကြိုးစားရမည်ဖြစ်ကြောင်း၊ ယခု အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ကျင့်သုံးသွားသည့် ဥပဒေနှင့် နည်းစနစ်ပိုင်းမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးနေမှုနှင့် ကွာခြားမှုများရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံတကာနည်းတူ နောက်ဆုံးပေါ် ဥပဒေ၊ နည်းစနစ်တွေနှင့် ဖူဆယ်ကို ကစားနိုင်အောင် မိမိအနေဖြင့် တတ်စွမ်းသမျှ အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှသာ ဖူဆယ် ကစားပုံနည်းစနစ် ဥပဒေတွေနှင့်အညီ ပြိုင်ပွဲများ ဆက်တိုက်ကျင်းပလာနိုင်ပြီး ဘောလုံးသမားကောင်းများ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ မိမိတို့မှာလည်း ဖူဆယ်အားကစားနည်းကို လူထုအားကစားအဖြစ် ပြည်သူများ စိတ်ဝင်စားလာရန်လိုကြောင်း၊ ပြည်တွင်း၌ ပြိုင်ပွဲများများ ကျင်းပပေးနိုင်ရန်လိုသလို ပြည်နယ်နှင့်တိုင်းများ၌လည်း ဖူဆယ်အားကစားနည်းကို စိတ်ဝင်စားလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမား များများပေါ်ထွက်မှသာ အနာဂတ် မြန်မာဖူဆယ် တိုးတက်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

၂၀၀၆ ခုနှစ် အာဆီယံ ဖူဆယ် ဘောလုံးပြိုင်ပွဲတွင် တတိယဆု ရရှိခဲ့သော မြန်မာအသင်း၌ အုပ်ချုပ်သူ ဦးကြည်မင်းသိန်း (အမှုဆောင်၊ ဘောလုံးအဖွဲ့ချုပ်)၊ နည်းပြဆရာ ဦးအေးမောင်လေး (အား/က)၊ ဦးဖေခင် (အား/က)၊ အားကစားသမား မျိုးလှိုင်ဝင်း (ဘဏ္ဍာ/အခွန်)၊ မောင်မောင်ဌေး (မြို့တော်စည်ပင်)၊ ထွန်းထွန်းထက် (ဘဏ္ဍာ/အခွန်)၊ မောင်မောင်မြင့် (ပို့ဆောင်ရေး)၊ ဇော်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ တင်မင်းထွန်း (စီးပွားကူးသန်း)၊ ကိုကိုအောင် (ဂိုး) တံခွန်၊ ကျော်ဒွန်း (ပို့ဆောင်ရေး)၊ ကျော်ဇင်ညွန့် (ဆောက်လုပ်ရေး)၊ အောင်ဇော်မျိုး (ဂိုး) (မြို့တော်စည်ပင်)၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)နှင့် စိုးသီဟအောင် (ဆောက်လုပ်ရေး)တို့ ပါဝင်ကြသည်။

၂၀၀၆ ခုနှစ် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် အသင်းက မျှော်မှန်းသည်ထက် အောင်မြင်ပြီး တတိယကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်ပပြိုင်ပွဲများ၌ အောင်မြင်မှုများ ရယူနိုင်ရေး၊ ပြည်တွင်း၌ ဖူဆယ်ဘောလုံး ပျံ့နှံ့စိမ့်ဝင်လာစေရေး၊ ပြိုင်ပွဲများအား အဆင့်လိုက် ကျင်းပပြီး ဖူဆယ် အားကစားသမားကောင်းများ ပေါ်ထွက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း ပြောကြား တင်ပြလိုက်ပါသည်။ ။(ကြေးမုံ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့်အဖွဲ့က မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းရှိ ကလေးများအတွက် သိုးမွေးထိုးစက်၊ အပ်ချုပ်စက်သုံးပစ္စည်းနှင့် ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြထံ ပေးအပ်လှူဒါန်းစဉ်။
(မိခင်နှင့်ကလေး)

နားမကြားသော ကလေးများကျောင်းသို့ သိုးမွေးထိုးစက်နှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် မေ ၁၆

မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းရှိ ကလေးများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပေးအပ်လှူဒါန်းသည့် သိုးမွေးထိုးစက်၊ အပ်ချုပ်စက်သုံးပစ္စည်းနှင့် ကျောင်းသုံးစာရေးကိရိယာများကို ယနေ့နံနက် ၁၁နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့က သွားရောက်ပေးအပ်လှူဒါန်းရာ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လှူဒါန်းပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြက လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

ကဆုန်ညောင်ရေသွန်းလောင်း

ရန်ကုန် မေ ၁၆

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ ရှေးဟောင်း စိန္တာမနိစေတီကြီး စေတီတော်ဒုတိယအကြိမ်ကဆုန်ညောင်ရေသွန်းပွဲကို မေ ၁၁ ရက် (ကဆုန်လပြည့်)နေ့ ညနေပိုင်းက ကျင်းပရာ စေတီတော်ကြီး ဂေါပကအဖွဲ့နာယက ဦးစိန်ထွန်း၊ ဥက္ကဋ္ဌ ဦးလှမော်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဖော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးသိန်းထွန်းနှင့် ပြည်သူများ တက်ရောက်ကြပြီး ရန်ကင်းမြို့မှ သတင်းထောက် ဦးအောင်ရွှေဦး-ဒေါ်နီနီ မိသားစုလှူဒါန်းသည့် ဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်း ပူဇော်ကြသည်။ (က-ပ)

❖ နိုင်ငံတော်အစိုးရမှ

စိန်အောင်၊ ကျော်အောင်နှင့် ကျော်ထူးတို့သည် ပစ္စတိုလေးလက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ် ရှစ်လက်၊ စက်လတ် တစ်လက်၊ အာရ်ပီဂျီတစ်လက်၊ အမ်-၇၉ လောင်ချာနှစ်လက်၊ ဗုံးသီး ၂၅ လုံး၊ လက်ပစ်ဗုံး ၁၉ လုံး၊ မိုင်းတစ်လုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံးတို့ဖြင့် လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) အဖွဲ့ ရင်း(၃၆၀)မှ တပ်သား မောနသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည် ၅၁တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်းသုံးလုံးတို့ဖြင့် လည်းကောင်း၊ ရင်း(၄၅၃)မှ တပ်သား အိုက်ခမ်းသည် အမ်(၂၂) မောင်းပြန် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်အတောင့် ၁၀၀ တို့ဖြင့်လည်းကောင်း၊ ရင်း(၈၁၅)မှ တပ်သား ရာကျို၊ မာထူး၊ ကျထီး၊ ကျသဲ၊ကျနူးတို့သည် ပစ္စတိုတစ်လက်၊ အမ်(၁၆)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၂၂) မောင်းပြန်ရိုင်ဖယ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ အတောင့် ၅၀တို့ဖြင့်လည်းကောင်း၊ ယာကုနှင့်ကျရှောတို့သည် အမ်(၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ တစ်လုံးထိုးသေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၃တောင့်တို့ဖြင့် လည်းကောင်း၊ ရင်း(စိစစ်ဆဲ)မှ တပ်သား အိုက်ကျိုင်းသည် လည်းကောင်း၊ လားဟူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ကျဟားသည် ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၅တောင့်တို့ဖြင့် လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ အက်စ်အက်စ်အေ(ရှက်ဆစ်) အဖွဲ့ တပ်မဟာ(၇၅၈)၊ ရင်း(စိစစ်ဆဲ)မှ တပ်သား လှိုင်ကိုမင်းသည် ဘီအေ(၆၃) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၎င်းကျည်အတောင့် ၅၀တို့ဖြင့်လည်းကောင်း၊ တပ်သား စိုင်းဝဏ္ဏသည် လည်းကောင်း၊ ရင်း(၂၄၂)မှ တပ်သား အိုက်ထွန်းသည် အမ်(၇၉)လောင်ချာ တစ်လက်၊ ဗုံးသီး ၁၃လုံးဖြင့်လည်းကောင်း၊ ကေအင်န်ပီပီ တောတွင်း လက်နက်ကိုင်အဖွဲ့မှ ဆေးမှူးအဆင့်ရှိ တေးရတ်သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၀ တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သား စိုးရယ်နှင့် ဌေးရယ်တို့သည် အမ်(၁၆)မောင်းပြန် ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံအတောင့် ၃၀၊ လက်ပစ်ဗုံး နှစ်လုံးတို့ဖြင့် လည်းကောင်း။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေ၌ အေအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ စစ်ရေးတာဝန်ခံ နိုင်ဇော်၊ ဗျူဟာမှူးအဆင့်ရှိ ထွန်းမောင်နှင့်ကိုနိုင်၊ တပ်ကြပ်ကြီးအဆင့်ရှိ ကျော်သိန်းမောင်၊ တပ်ကြပ်အဆင့်ရှိ စန်းလှထွန်းနှင့် ထွန်းသိန်းနိုင်၊ ဆက်သွယ်ရေးတာဝန်ခံ မောင်မောင်သန်း၊ ပါတီစည်းရုံးရေးတာဝန်ခံ ဦးသာဖုံနှင့် တပ်သား မောင်သန်းတို့သည် ကျည်မျိုးစုံ အတောင့် ၇၀၀ နှင့် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့် လည်းကောင်း၊ ဗိုလ်ကြီးအဆင့်ရှိ နိုင်ချေနှင့် ဒုဗိုလ်အဆင့်ရှိ ခင်မောင်ရီတို့သည် လည်းကောင်း၊ အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အောင်နိုင်ဝင်းသည်လည်းကောင်း။

အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေ၌ စီအင်န်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား ထန်ကျန်းနှင့် တရန်ဒိုးထန်တို့သည် လည်းကောင်း။

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ ရင်း(၁)မှ တပ်သား ဦးထွန်းသည် အမ်(၂၂)မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် အတောင့် ၄၀ ဖြင့် လည်းကောင်း၊ ရင်း(၁၁)မှ တပ်ကြပ်ကြီးအဆင့်ရှိ သောင်းတင်နှင့် တပ်သား ဝင်းလှိုင်တို့သည် အမ်(၁) သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၂ တောင့်၊ မိသားစုဝင် နှစ်ဦးတို့ ဖြင့် လည်းကောင်း၊ ဦးကစိန်သည် လုပ်သေနတ် တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ မိသားစုဝင် ငါးဦးတို့ဖြင့် လည်းကောင်း၊ တပ်သား သားတင်(ခေါ်)မြစီသည် လက်ပစ်ဗုံးတစ်လုံး ဖြင့် လည်းကောင်း၊ ဒီအိုရင်း(၇)မှ တပ်သား စောကျော်ကျော်၊ စောတာပိုလိုနှင့် စောသာဝါးတို့သည်လည်း ကောင်း၊ ရင်း(၂၀၃)မှ တပ်သား တင်စိုးသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်အတောင့် ၂၀ ဖြင့် လည်းကောင်း၊ ဗတစ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား ကျော်လွင်ဝေ(ခေါ်) သာလိုနှင့် အေးမင်းတို့သည် လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေ၌ ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)၊ ရင်း(၁၀)မှ တပ်သား စောသာဝေးသည် လည်းကောင်း၊ ရင်း(၁၆)မှ ဗိုလ်အဆင့်ရှိ စီဒီ(ခေါ်)သန်းဝင်းသည် ခြောက်လုံးပြူး တစ်လက်၊ ကျည် ခြောက်တောင့်ဖြင့် လည်းကောင်း၊ တပ်မဟာ(၁)၊ ရင်း(၁)မှ လုံခြုံရေးတာဝန်ခံ ပဒိုပန်းစိန်၊ တပ်သား ရွှေထွန်း၊ အောင်မြိုင်နှင့် ဖိုးဆေးတို့သည် အေကေ(၄၇) မောင်းပြန် ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ စနက်တံတစ်ခု၊ မိသားစုဝင် ကိုးဦးတို့ဖြင့် လည်းကောင်း၊ ပီဒီအက်စ် တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီး အဆင့်ရှိ ခင်မောင်ညွန့်(ခေါ်)လူလေး၊ တပ်သား မျိုးအောင်၊ ပန်းအောင်နှင့် မြင့်နိုင်တို့သည် ပစ္စတိုနှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည်ခြောက်တောင့်တို့ဖြင့် လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်ခဲ့ကြသည်။

အဆိုပါလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၆၃ဦးနှင့် မိသားစုဝင် ၁၆ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● NLD ထိပ်ပိုင်းမှ

ခြေတစ်ဖက်ချမိရုံဖြင့် NLD ပါတီ၏ ကျေးကျွန်သဖွယ် ရာသက်ပန်ပါတီဝင်အဖြစ် ချုပ်နှောင်ထားကြောင်း၊ NLD ပါတီဌာနချုပ်မှ ထိပ်ပိုင်းခေါင်းဆောင်များသည် အဖွဲ့အတွင်း အုပ်စုဖွဲ့က ညီညွတ်မှုမရှိဘဲ သဘောထားများ ကွဲနေခြင်း၊ ပြည်သူလူထုကိုယ်စား အမျိုးသားညီလာခံတွင် တွေ့ဆုံဆွေးနွေးခွင့်ရရှိပါလျက် တိုင်းပြည်နှင့်လူမျိုး၏ မျက်နှာကိုမထောက်ဘဲ ကျောခိုင်းထွက်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်း၊ ပြည်သူလူထု၏ စားဝတ်နေရေးခက်ခဲစေမည့် ပိတ်ဆို့ရေးအမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တောင်းဆိုတိုက်တွန်းနေခြင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဘာတစ်ခုမျှ စွမ်းဆောင်နိုင်မှုမရှိခြင်း၊ ပြည်သူလူထုက နိုင်ငံရေးလုပ်စားသူများဟု ဝိုင်းပယ်အထင်အမြင်သေးနေခြင်းတို့ကြောင့် ပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုစိတ် လုံးဝမရှိတော့သဖြင့် မိမိ၏သဘောဆန္ဒအလျောက် တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ်မှ အပြီးအပိုင် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လွယ်လင့်တကူရေသွယ်ယူနိုင်ရေး ဆောင်ရွက်ပေးနေ

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခွင့်၊ မြေယာကိစ္စများနှင့်ပတ်သက်၍ သွက်လက်မြန်ဆန်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကိုယ်တိုင် အနီးကပ်ကြပ်မတ်ဆောင်ရွက်ပုံများကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုနည်းတူစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း က ကြီးကြပ်၍ သက်ဆိုင်ရာ ကော်မတီဝင်၊ သက်ဆိုင်ရာ ဌာနမှူးဖြင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ အဆောက်အအုံများ၊ လူနေအခန်းများတွင် ရေသွယ်ယူလိုသောပုဂ္ဂိုလ်များအတွက် မြို့တော်ခန်းမ ပထမထပ်တွင် ရုံးပိတ်ရက်များမှအပ နေ့စဉ် မွန်းလွဲ ၂နာရီမှစတင်၍ အချိန်တိုကာလအတွင်း ရေဆက်သွယ်မှု လွယ်လင့်တကူ ရရှိစေရန် ဆောင်ရွက်နေပုံများကို ထပ်မံတင်ပြလိုပါသည်။

ထို့ကြောင့် စာရေးသူသည် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ခေတ္တဒုတိယဌာနမှူး ဦးသန်းထိုက်၊ ရေဆက်သွယ်ရေးဌာနစု ဌာနစုမှူး ဦးအုန်းဝင်းတို့နှင့် တွေ့ဆုံ၍ ဆောင်ရွက်ပုံဆောင်ရွက်နည်းများ၊ စည်ပင်သို့ပေးသွင်းရမည့် ကျသင့်ငွေများကို အတိအကျမှတ်သား၍ အဆောက်အအုံနှင့် နေအိမ်အခန်းများအတွက် ရေဆက်သွယ်လိုသူများ လွယ်လင့်တကူ သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

အချက်သုံးချက်

ရေဆက်သွယ်ရန် လျှောက်လွှာပုံစံနှင့်အတူ အဓိကပါဝင်ရမည့် အချက်သုံးချက်မှာ (၁)လျှောက်ထား သူ၏ မှတ်ပုံတင်မိတ္တူ၊ (၂)ရေဆက်သွယ်လိုသည့်အဆောက်အအုံ သို့မဟုတ် နေအိမ်ခန်းပိုင်ဆိုင်ကြောင်း မိတ္တူ၊ (၃) ရေဆက်သွယ်လိုသည့်အဆောက်အအုံ၊ သို့မဟုတ် နေအိမ်ခန်း၏ပုံစံများ ပါရှိရမည်။ (မှတ်ချက်-အဆောက်အအုံ သို့မဟုတ် နေအိမ်ခန်းပိုင်ဆိုင်ကြောင်း မူရင်းကိုပါ မိမိနှင့်ပါရှိလာရပါမည်။ တိုက်ဆိုင်စစ်ဆေးရန်ဖြစ်သည်။)

ပေးဆောင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် တန်ဖိုးမှာ (က) ရေဆက်သွယ်ခွင့်ကျပ် ၁၉၀၀၊ (ခ) အိမ်တွင်းရေသွယ်တပ်ဆင်ခွင့် ကျပ် ၁၀၀၀၊ (ဂ) လျှပ်စစ်ရေစုပ်စက်တပ်ဆင်ခွင့် ကျပ် ၁၆၀၀၊ (ဃ) မီလ္လာပြွန်ဆက်သွယ်ခ ကျပ် ၂၈၅၀၊ (င) မီလ္လာကန်တည်ဆောက်ခွင့် ကျပ် ၁၂၅၀၊ (စ) တီဖြင့် ဆင့်ပွားရေဆက်သွယ်ခွင့်ကျပ် ၁၀၀၀၊ (ဆ)ရေပိုက်ကြေးဆေးခွင့် ကျပ် ၅၀၀၊ (ဇ) ရေဆက်သွယ်ခွင့်ပါမစ်ပျောက်ဆုံး၍ မိတ္တူကူးယူခွင့်ပြုလိုပါက ကျပ် ၅၀၀၊ (ဈ)ရေသွယ်ခွင့်ပါမစ်ရထားသော်လည်း ရေဆက်သွယ်ခွင့်အချိန် သက်တမ်းကျော်လွန်၍ ပါမစ်သက်တမ်းတိုးလိုပါက ပါမစ်သက်တမ်းတိုးခွင့် ကျပ်၅၀၀၊ (ည) ရေပိုက်ဆက်သွယ်ခွင့် ကျပ် ၃၆၀၀၊ (ဋ) ရေပိုက်ပြောင်းရွှေ့ဆက်သွယ်ခွင့် ကျပ် ၂၈၅၀၊ (ဌ) ယာယီအိမ်သာဆောက်လုပ်သုံးစွဲခွင့်(အဆောက်အအုံအသစ်များ ဆောက်လုပ်စဉ် လုပ်သားများအသုံးပြုရန် ယာယီအိမ်သာ)ကျပ် ၁၈၇၅၀ ပေးဆောင်ရမည်ဖြစ်ပါသည်။

အထက်ပါ ငွေစာရင်းတန်ဖိုးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းရမည့်ငွေဖြစ်ပြီး လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ လုပ်ငန်းအတွက် အသုံးပြုရမည့် ပစ္စည်းများကို ဝန်ဆောင်မှုဖြင့် ရေဆက်သွယ်ပေးသူနှင့် တိုင်ပင်၍ ငွေကြေးတတ်နိုင်မှုအပေါ်မူတည်၍ မိမိအစီအစဉ်ဖြင့် ဝယ်ယူပေးနိုင်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်များအား ခွင့်ပြုမိန့်ရရှိပြီးဖောက်ပါက (က)½လက်မ တစ်ပေါက် ကျပ် ၈၀၀၊ (ခ) ၁လက်မ တစ်ပေါက် ကျပ် ၉၅၀၊ (ဂ) ၁½လက်မတစ်ပေါက် ကျပ် ၁၄၅၀၊ (ဃ) ၁½ လက်မ တစ်ပေါက် ကျပ်၁၆၀၀၊(င) ၂လက်မ တစ်ပေါက် ကျပ်၂၄၀၀၊ (စ)သုံးလက်မတစ်ပေါက် ကျပ် ၇၈၅၀၊ (ဆ) လေးလက်မ တစ်ပေါက် ကျပ်၁၂၀၀၀၊ (ဇ) ခြောက်လက်မ တစ်ပေါက် ကျပ် ၁၆၀၀၀ နှုန်းထားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

ကွင်းဆင်းစစ်ဆေး

ဆက်လက်၍ ကနဦးဖော်ပြခဲ့သည့်အတိုင်း ရေဆက်သွယ်လိုသည့် ပုံစံ(လျှောက်လွှာ)နှင့်အတူ ပူးတွဲပါရှိရမည့် အချက်သုံးချက်နှင့်ပြည့်စုံသည့် အမှုတွဲ များကိုလက်ခံသည့်နေ့မှစ၍ မြေပြင်အနေအထားကို ကွင်းဆင်းစစ်ဆေးပါမည်။ စစ်ဆေးသည့်အခါ ရေသွယ်ယူလိုသည့်အဆောက်အအုံ သို့မဟုတ် နေအိမ်ခန်းကို မည်သည့်ရေပိုက်ကပေးလျှင် အဆင်ပြေမည်၊ မည်သည့်ရေပိုက်နှင့် အနီးဆုံးဖြစ်သည်ကို ဆုံးဖြတ်ရပါသည်။ ကွင်းဆင်းစစ်ဆေးသည့်နေရာ၌ သက်ဆိုင်ရာ ခရိုင်မှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ သက်ဆိုင်ရာ မြို့နယ်ရေသန့်တာဝန်ခံများကို ကိုယ်တိုင်ကြပ်မတ်စစ်ဆေးပါသည်။

ရေဆက်သွယ်မှုနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး ရေဆက်သွယ်မှု အဆင်ပြေစေရန် ဆောင်ရွက်ပေးပါသည်။ ရေဆက်သွယ်ရမည့် လမ်းကြောင်းအလွန်ခက်ခဲပြီးရေပေးဝေနိုင်မည့် ရေပိုက်ရှိရာသည် အလွန်ဝေးကွာနေပါက အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) တာဝန်ရှိသူများနှင့် ကာယကံရှင်တို့ ညှိနှိုင်း၍ ကာယကံရှင်သဘောအတိုင်း ဆောင်ရွက်ပေးပါမည်။

ဖော်ပြပါအတိုင်း မြေပြင်အနေအထားကို ကွင်းဆင်းစစ်ဆေးပြီး ရေဆက်သွယ်နိုင်မည့် အနေအထားရှိပါက အမှုတွဲလက်ခံသည့်နေ့မှ ၁၀ရက်ပြည့်မြောက်သောနေ့တွင် ခွင့်ပြုမိန့်ပေးနိုင်ရန်အတွက် ငွေသွင်းရပါသည်။ မြို့တော်ဘဏ်မှ ငွေလက်ခံသည့်ဌာနကိုလည်း လွယ်လင့်တကူငွေပေးသွင်းနိုင်ရန် ခန်းမကြီးထဲမှာပင် ယာယီငွေလက်ခံဌာနဖွင့်လှစ်ထားကြောင်းပြောပြပါသည်။ ငွေလက်ခံပြီး နောက်ထပ် ၁၀ရက်ကြာသည့်အချိန်တွင် ရေဆက်သွယ်ခွင့်ပြုမိန့် ထုတ်ပေးပါသည်။ ရေဆက်သွယ်သည့်အခါတွင် ခရိုင်မှူး သို့မဟုတ် မြို့နယ်တာဝန်ခံတို့က ကြီးကြပ်၍ ကြည့်ရှုစစ်ဆေးပါသည်။

သတင်း၊ ဓာတ်ပုံ
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး၊ ခေတ္တ ဒုတိယဌာနမှူးတို့က ရေဆက်သွယ်လိုသူများ၏ မေးမြန်းချက်များကို အသေးစိတ် ရှင်းလင်းပြောကြားစဉ်။

စာရေးသူက အချို့ရေသွယ်သူများသည် ကုန်ကျငွေ သင့်တင့်မျှတသော်လည်း အချို့က ငွေကြေးများစွာ ကုန်ကျကြောင်း၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် အချိန်ကြန့်ကြာသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြောဆိုသည့် စကားသံများအား ဌာနမှူးထံ ထပ်ဆင့်ပြောကြားမိပါသည်။

ကိုယ်တိုင်ကိုယ်ကျ

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဌာနမှူးက ရေဆက်သွယ်လိုသူအများစုသည် ကိုယ်တိုင်ကိုယ်ကျ လာရောက်စုံစမ်းမေးမြန်းလုပ်ကိုင်ခြင်းထက် တစ်ဦးတစ်ယောက်အား တာဝန်ပေးခိုင်းစေခြင်း၊ ပွဲစားလက် အပ်ခြင်းများကြောင့် ကုန်ကျသင့်သည်ထက်ပို၍ ကုန်ကျပြီး လုပ်ငန်းဆောင်ရွက်ရသည်မှာ ခက်ခဲသယောင် အချိန်ဆွဲထားမှုများရှိနေကြောင်း ဖြေကြားပါသည်။

ဌာနမှူးကဆက်၍ပြောသည်မှာ ယခုဆိုလျှင် ရေဆက်သွယ်လိုသူများ ကိုယ်တိုင်ကိုယ်ကျ လာရောက် စုံစမ်းမေးမြန်းခြင်း၊ လုပ်ငန်းဆောင်ရွက်နိုင်ရန် လျှောက်လွှာပုံစံများတင်ကြသည်ကို များပြားစွာတွေ့နေရပါသည်။

ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်လာသည့်အတွက် အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရပြီး လိုအပ်သည့် အကြံဉာဏ်များ တောင်းခံခြင်း၊ ပြန်လည်၍ အကြံဉာဏ်များ ဖြန့်ဝေခြင်းဖြင့် ရေဆက်သွယ်ခ၊ ရေပိုက်ဖောက်ခ၊ ဝန်ဆောင်ခများကို သိရှိသွားကြပြီဖြစ်ကြောင်း ရှင်းပြပါသည်။

ဝန်ဆောင်ပေးမှုဖြင့် ရေဆက်သွယ်ပေးသူအချို့သည် ပြည်သူများအပေါ် မတန်တဆ ဈေးကြီးမြင့်ယူသူများနှင့်ပတ်သက်၍အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ သဘောထားကို စာရေးသူမှ မေးမြန်းမိသည်။

အရေးယူနိုင်

ဌာနမှူးက ပြည်သူလူထုအပေါ် ဝိသမလောဘဖြင့် အမှန်ယူရမည့်နှုန်းထားထက် မမျှတနည်းလမ်းမကျ ယူပါက ဝန်ဆောင်မှုဖြင့် ရေဆက်သွယ်ပေးသူအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရေဆက်သွယ် လုပ်ကိုင်ခွင့်ကို လပိုင်းဖြင့်ဖြစ်စေ၊ နောက်ဆုံးအဆင့် ရေဆက်သွယ်လုပ်ကိုင်ခွင့်ကို လုံးဝရုပ်သိမ်းသည်အထိ ဖြစ်စေ အရေးယူနိုင်ကြောင်း ရှင်းပြပါသည်။

သို့ရာတွင် နှစ်ဦးသဘောတူပြီး လွန်ပြီးသောကိစ္စများကိုမူ ဆောင်ရွက်ရသည်မှာ ခက်ခဲကြောင်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ခွင့်ပြုမိန့်မရှိပါဘဲ ရေဆက်သွယ်ပေးပါက ရေဆက်သွယ်ပေးသူနှင့် ရေဆက်သွယ်ခိုင်းသူတို့ကို ဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်းကိုလည်း ပြောပြပါသည်။

ရေဆက်သွယ်လိုပါက လမ်းသားများကို မလွဲမသွေဖောက်ရမည့်အတွက် လမ်းဖောက်ရမည့်ကိစ္စနှင့် ပတ်သက်၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)နှင့် ဆက်သွယ်ဆောင်ရွက်ရမည်များကို မေးမြန်းမိပြန်ပါသည်။

ဌာနမှူးက လမ်းဖောက်ခအတွက် ကျသင့်ငွေကို သက်ဆိုင်ရာမြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သို့ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ငွေပေးသွင်းရမည်ဖြစ်ကြောင်း၊ ကျသင့်ငွေပေးချေသည့်အခါ ငွေရပြေစာ ဖြတ်ပိုင်းပေးကြောင်းများကို ရှင်းလင်းပြောကြားပါသည်။ ။

(ကြေးမုံ)

ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၆

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် ၄၅လမ်းထောင့် Creationမိသားစုက အလှူငွေ ကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို မေ ၁၆ရက်က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး(အင်းစိန်)၌ကျင်းပရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ တွဲဖက်အတွင်းရေးမှူး ဦးသွင်ဦး၊ ဦးကြည်စိုး၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေတို့ထံ အလှူရှင်မိသားစုမှ ဒေါ်သူဇာထွေးနှင့် ဒေါ်နှင်းယုမော်တို့က ပေးအပ်လှူဒါန်းရာ အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးကို ကျပ်သိန်း ၁၆၅၀ အကုန်အကျခံကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်သဖြင့် ကြာသွတ်အိုးတစ်လုံး ကျပ် ၂၅၀၀၀၀၊ နှစ်လက်မပတ်လည် ရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီးတစ်ချပ် ကျပ် ၅၀၀၀ ဖြင့် လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦးခရိုင် ညောင်ဦးမြို့ ဖုန်း ၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ၊ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း ၀၆၁-၆၀၈၂၅ နှင့် ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း ၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၆၁)

ဟင်းသီးဟင်းရွက်စားသောက်ရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီ ညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။
၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသောသစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။
၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။
၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ချန်ပီယံလိဂ်ဖလား ဘာစီလိုနာလား၊ အာဆင်နယ်လား

ကျော်ကျော်
(လမ်းသစ်)

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့ စတိတ်ဒီဖရန့်ကွင်းကြီးတွင် မေ ၁၈ရက်နေ့ မြန်မာစံတော်ချိန်နံနက် ၁း၁၅နာရီ၌ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲကစားမည့် အသင်းနှစ်သင်းမှာ အင်္ဂလန်မှ အာဆင်နယ်နှင့် စပိန်မှ ဘာစီလိုနာတို့ဖြစ်ကြသည်။ အသင်းနှစ်သင်းစလုံးသည် သက်ဆိုင်ရာတိုင်းပြည်များတွင် အောင်မြင်မှုရနေသောအသင်းများဖြစ်သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲသည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားမတိုင်မီ အကြီးကျယ်ဆုံးနှင့် ကမ္ဘာ့ဘောလုံးပရိသတ် စိတ်အဝင်စားဆုံးပြိုင်ပွဲတစ်ခုဖြစ်သည်။ ထို့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲကျင်းပသည့် သက်တမ်းနှစ်(၅၀)ပြည့်နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် ပို၍စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

ဤပွဲတွင် ဗိုလ်စွဲနိုင်ချေရှိသည်ဟု ထင်ကြေးပေးအခံရဆုံး အသင်းမှာ ဘာကာခေါ်သော ဘာစီလိုနာပင် ဖြစ်သည်။ ပရိသတ်ထင်ကြေးပေးမည် ဆိုလည်း ပေးလောက်သည့် အချက်အလက်များက ဘာကာတွင် အလုံအလောက်ရှိနေသည်။ (၁) ဘာကာ၏ ကစားသမားစုစည်းထားပုံနှင့် တစ်ဦးချင်း စွမ်းရည်ပိုင်းကောင်းမွန်ခြင်း၊ (၂) ကွင်းလယ်ကစားကွက်ကောင်းခြင်း၊ (၃) ပြည်တွင်းအမှတ်ပေး ချန်ပီယံဖလားကို ပူပူနွေးနွေးရယူထားခြင်းတို့ကြောင့် ဖြစ်သည်။

ထို့အပြင် ဘာကာကို ပရိသတ်ကြိုက်စေသော အကြောင်းရင်းတစ်ချက်လည်းရှိသေးသည်။ ယင်းမှာ အာဆင်နယ်သည် ယခုနှစ်အတွက် ဖလားတစ်ခုမှ မရရှိသေးသည့်အပြင် ပြည်တွင်းအမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့်(၄)သာ ရရှိခြင်းကြောင့် ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော အချက်အလက်များအပေါ် အခြေခံ၍ ကြည့်လျှင် အာဆင်နယ်သည် အောက်မှလိုက်ကစားရမည့် အသင်းတစ်သင်း ဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ မည်သို့ဖြစ်စေ ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ရောက်လာသော အာဆင်နယ် အသင်းမှာလည်း လုံလောက်သော အရည်အချင်းနှင့် စွမ်းရည်များရှိသည်ကို ပရိသတ်များ လက်ခံကြရလိမ့်မည်ဖြစ်ပါသည်။

အာဆင်နယ်အသင်း၏ ဖွဲ့စည်းပုံကို လေ့လာကြည့်ရာတွင် ရှေ့၊ လယ်၊ နောက်တို့ ဟန်ချက်ညီညီရှိသည်ဟု ထင်သည်။ ဤအချက်မှာ ထိပ်တန်းအသင်းတစ်သင်းအတွက် ရှိရမည့် အရည်အသွေးတစ်ရပ် ဖြစ်သည်။ နည်းပြဆရာတိုင်းသည်လည်း မိမိအသင်းကို ထိုသဘောတရားအပေါ် အခြေခံ၍ တည်ဆောက်လေ့ရှိသည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ကွင်းလယ်ကစားကွက်ကောင်းသော ဘာကာအသင်းကို အဆင့်တူ ခြေရည်တူ ယှဉ်နိုင်သည်ဟု သုံးသပ်မိပါသည်။

ယနေ့ကဲ့သို့ နည်းပညာခေတ်ကြီးထဲတွင် ထိပ်တန်းနည်းပြဆရာတိုင်းသည် နိုင်အောင် မည်သို့မည်ပုံ ကစားရမည်ကို ကောင်းစွာနားလည်ကြသည်။ အာဆင်နယ်မှ အာဆင်ဝင်းဂါးသည် ကမ္ဘာကျော် နည်းပြဆရာတစ်ဦးဖြစ်ရာ ခေတ်သစ်အဆင့်မြင့် ဘောလုံးနည်းပညာများကို ကျေညက်သူဖြစ်မည်မှာ သေချာပါသည်။ ပြိုင်ဘက်အသင်း၏ အားသာချက်က မည်သည့်အချက်ဖြစ်သည်၊ အားနည်းချက်က မည်သည့်အရာဖြစ်သည် ဆိုသည်ကို အာဆင်ဝင်းဂါး လေ့လာတွက်ချက်ထားပြီး ဖြစ်ပါလိမ့်မည်။ ပြိုင်ဘက်အသင်းမှ မည်သည့်ကစားသမားအား မည်သို့ထိန်းချုပ်ပြီး မည်သည့်ဘက်မှ ထိုးဖောက် ကစားရမည်ဆိုသည်ကိုလည်း စီမံထားပြီးဖြစ်မည် ဖြစ်သည်။

အာဆင်နယ်အသင်း၏ ပြင်သစ်လူမျိုး မန်နေဂျာ အာဆင်ဝင်းဂါး။
(ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာ နည်းပြဆရာ ဖရန့်ရီကတ်သည်လည်း ပြိုင်ဘက်အသင်း၏ ဒုက္ခပေးနိုင်သော ကစားသမားများအား ဘယ်ပုံဘယ်နည်း ထိန်းချုပ်အသေကပ် ထားရမည်ဆိုသည်ကို စီမံထားပြီး ဖြစ်ပါလိမ့်မည်။

အာဆင်နယ်သည် ရှေ့၊ လယ်၊ နောက် အင်အားညီသော အသင်းတစ်သင်းဖြစ်သည်ကို ပရိသတ်များ ယေဘုယျ လက်ခံထားကြပြီးဖြစ်ရာ အသင်း၏ အဓိက ကစားသမားများအား ထိန်းချုပ်ခံရသည်ရှိသော် ပြဿနာမရှိနိုင်ဟုထင်သည်။ အကယ်၍ ဘာကာ၏ ကွင်းလယ်မှ အဓိက ကစားသမားများကို အာဆင်နယ်က ထိန်းချုပ်လိုက်မည်ဆိုလျှင် ဘာကာ အခက်တွေ့သွားနိုင်သည်။ အကြောင်းရင်းမှာ ဘာကာသည် ရှေ့၊ လယ်၊ နောက် အင်အားညီသော အသင်းတစ်သင်း မဟုတ်သောကြောင့်ဖြစ်သည်။ ရှေ့နှင့်အလယ်သာ အားကောင်းသည်။ နောက်တန်းအားနည်းနေသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ရီကက်သည်လည်း အားနည်းချက်ကို မြင်လိမ့်မည်ဖြစ်သည်။ မည်သို့မည်ပုံ ဖာထေးပြုပြင်ရမည်ကို စီမံထားပြီး ဖြစ်ပါလိမ့်မည်။

စာရေးသူ တင်ပြခဲ့သော အချက်များသည် နည်းပြဆရာတိုင်း ဆောင်ရွက်လေ့ရှိသော ကြိုတင်ပြင်ဆင်မှုပင်ဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်နှင့် ဘာကာတို့ပွဲသည် သူ့ကို ကိုယ်ချုပ်၊ ကိုယ့်ကို သူကထိန်းနှင့် အပြန်အလှန် အစုန်အဆန် ကစားကြဖွယ်ရှိသည်။ မည်သို့ဖြစ်စေ ပွဲတစ်ပွဲ၏အဖြေကို အဆုံးအဖြတ်ပေးနိုင်သော အကြောင်းအချက်များလည်း ရှိသည်။

ယင်းမှာ ကြံရည်ဖန်ရည်ကောင်းသော ကစားသမားအများစုပါဝင်သော အသင်းက ပွဲ၏အဖြေကို အပြောင်းအလဲဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ထို့အပြင် အလွတ်တည်ကန်ဘော၊ တစ်ဆင့်ကန်ဘော (သို့) ထောင့်ကန်ဘောများကို ပိုင်နိုင်စွာ အသုံးချတတ်သော အသင်းကလည်း ပွဲအဖြေကို အဆုံးအဖြတ်ပေးတတ်ပေသည်။

ဒုတိယအချက်ဖြစ်သော အလွတ်တည်ကန်ဘော၊ တစ်ဆင့်ကန်ဘော (သို့) ထောင့်ကန်ဘောများမှတစ်ဆင့် ဂိုးရအောင် ဖန်တီးနိုင်မှုတွင် နှစ်သင်းစလုံး သူ့အတိုင်းအတာနှင့်သူ စွမ်းဆောင်နိုင်ကြသည်။ ကြံရည်ဖန်ရည်ကောင်းသော ကစားသမားဖွဲ့စည်းမှုတွင် ဘာစီလိုနာက အနည်းငယ်သာသည်။ ဤရှုထောင့်မှကြည့်လျှင် ဘာကာချန်ပီယံဖလား မြှောက်သွားနိုင်သည်ဟု တွက်၍ရပေသည်။

သို့သော် နည်းပညာရှုထောင့်မှ မဟုတ်သောအခြေအနေများကလည်း အာဆင်နယ်အသင်းအတွက်ထည့်သွင်းစဉ်းစားစရာများရှိနေပါသည်။ ပထမအချက်မှာ အာဆင်နယ်သည် ယခုနှစ်ရာသီတွင် ဖလားတစ်ခုမှ မရရှိသေးခြင်းဖြစ်သည်။ အာဆင်နယ်၏လက်ရှိအခြေအနေသည် ယမန်နှစ်က လီဗာပူးအသင်း အခြေအနေနှင့် သဏ္ဌာန်တူနေသည်။ ဤကဲ့သို့ပင် အဆင့်(၃) (၄)နေရာတွင်ရှိပြီး ဖလားတစ်လုံးမှမရသော အနေအထားဖြစ်သည်။ သို့သော် လီဗာပူးသည် ချန်ပီယံလိဂ်ဖလားကြီးကိုရသွားသည်။ ဤလိုမျိုးအနေအထားမဖြစ်သွားနိုင်ဟု မည်သူမျှအတပ်မပြောနိုင်ချေ။

နောက် အချက်တစ်ချက်မှာ တစ်ကမ္ဘာလုံးမှ ဘောလုံးပရိသတ်များသည် ဘာစီလိုနာမှ ဘာစီလိုနာဖြစ်နေကြသောကြောင့် ဖြစ်သည်။ ဤသို့ တစ်ကမ္ဘာလုံးမှ ဘောလုံးပရိသတ်များ ဘာစီလိုနာအပေါ် ထုထည် ကြီးကြီးမားမားဖြစ်နေပြီး ဖိအားများနေခြင်းက အာဆင်နယ် အသင်းအဖို့ ချန်ပီယံဖလားကြီးရသွားနိုင်သော အကြောင်းအချက်တစ်ခုပင် ဖြစ်နိုင်ပေသည်။ ။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းအား အားပေးမည့်သူများ ပါရီရှိ အီဖယ်လ်မျှော်စင်သို့ မေ ၁၅ရက်က အလည်အပတ်ရောက်ရှိလာသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

၂၀၀၆ခုနှစ်၊ မေလ ၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းတွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲအောက် ၉ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ အောင်လံမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြည်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေ ၁၇ရက် ညနေထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၉၁ဒီဂရီဖာရင်ဟိုက်) **၁၅-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) **၁၆-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၁ ရာခိုင်နှုန်း **၁၆-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၅ ဒသမ ၆ နာရီခန့် **၁၅-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၆-၅-၂၀၀၆	၈မမ(၀ဒသမ၃၁လက်မ)	၁မမ(၀ဒသမ၀၄လက်မ)	မရှိပါ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ			
	၁၉၀မမ (၇ဒသမ၄၈လက်မ)	၂၁၉မမ(၈ဒသမ၆၂လက်မ)	၂၀၆မမ(၈ဒသမ၁၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၅-၂၀၀၆ ရက် ၁၃း၁၅ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကျန်းမာရွှင်လန်း ယောဂလေ့ကျင့်ခန်း(အပိုင်း-၁)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	သုတစွယ်စုံစာပေဆု
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	IT Talk (ဦးမျိုးမြတ်သူ၊ ဦးရဲမြတ်သူ)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သံဂဟေအတတ်ပညာ (အပိုင်း-၂)
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	Myanmar Video Rhythm
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြန်မာစာ၊မြန်မာစကား(၇)
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	နိုင်ငံတကာအနုပညာရေးရာ
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champions League
ဘောလုံးပွဲစဉ်

ညပိုင်း	**အစီအစဉ်**
၁၂း၃၀	ချန်ပီယံလိဂ်ဖိုင်နယ် ပွဲကြိုသုံးသပ်ချက် (ဦးထူးထူးဝင်းမော်၊ ဦးကြည်လှဟန်)
၁း၁၅ **လိုင်း**	Arsenal-Barcelona 5-Sports(Live)

အစည်းအဝေးတက်ရောက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာတွင် မေ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် ASEAN+3 Convention 2006 and SMIDEX 2006 သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး (၂) ဦးထွန်းအောင်သည် မေ ၁၅ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ ဗိုလ်စွဲ

ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တင်ကာ ချန်ပီယံဆုကြီးကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိသွားသည့် ရန်ကုန်တိုင်း အမျိုးသမီးဘောလုံး အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန် မေ ၁၆

၂၀၀၆ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့သည် ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ရန်ကုန်တိုင်းအသင်း သုံးဂိုး

(မူမူလွင်–နှစ်ဂိုး၊
သီတာကြည်–တစ်ဂိုး)

ဧရာဝတီတိုင်းအသင်း ဂိုးမရှိ

အကောင်းဆုံးဆု–သင်းသင်းအေး–ဂိုး (ဧရာဝတီတိုင်း)

ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့်

လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းသည် ယနေ့ပွဲ၌ ပြိုင်ဘက် ဧရာဝတီတိုင်းအသင်းကို ခြေအသာဖြင့် ဖိကစားသွားနိုင်ပြီး ဂိုးပြတ်သွင်းယူကာ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းသွားသည်။ ဧရာဝတီအသင်းမှာ ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ အမာခံ ကစားသမားများဖြစ်သည့် ရီရီမြင့်နှင့် သန္တာမိုးတို့ထံမှ ဘောလုံးမထွက်အောင်ရန်ကုန်တိုင်းက ပိတ်ဆို့ကစားသွား၍ နှစ်သိမ့်ဂိုးပင်ရအောင် မစွမ်းဆောင်နိုင်ခဲ့ဘဲ နှစ်နှစ်ဆက်တိုက် ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအသင်းတို့သည် ယမန်နှစ်ဗိုလ်လုပွဲတွင်လည်း တွေ့ဆုံခဲ့ကြပြီး ရန်ကုန်တိုင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရ ဗိုလ်စွဲခဲ့သလို ယခုနှစ်ထပ်မံတွေ့ဆုံရာ တွင်လည်း ရန်ကုန်တိုင်းကပင် ဂိုးပြတ်အနိုင်ရကာ ထပ်မံဗိုလ်စွဲခဲ့သည်။

အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းမှ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးအား အသင်းသူများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။ (ကြေးမုံ)

ပွဲစကတည်းက ရန်ကုန်တိုင်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားရာ ဧရာဝတီတိုင်းအသင်း ခံစစ်အသွင်ဖြင့် ကစားနေရသည်။ ပွဲအစ ၁၀ မိနစ်အတွင်း ဂိုးရနိုင်မည့် အပိုင်အခွင့်အရေး သုံးကြိမ်ခန့်ရရှိသော်လည်း အသုံးမချနိုင်၍ ရန်ကုန်တိုင်း စောစီးစွာ ဂိုးရမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ထို့နောက်ပိုင်းတွင်လည်း ရန်ကုန်တိုင်းကသာ ပွဲကို စိုးမိုးကစားသွားပြီး ဖွေဆော်ဦးဂိုးကို ၃၆ မိနစ်တွင် နီလာမြင့် ကန်သွင်းသော ဘောလုံးကို ဧရာဝတီဂိုးသမား သင်းသင်းအေး ကာကွယ်ရာ ပြန်အန်ထွက်လာစဉ် တိုက်စစ်မှူး မူမူလွင်က ကန်သွင်းခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်တိုင်းအသင်းက ပထမပိုင်းလောက် တိုက်စစ်ဆင်နိုင်ခြင်းမရှိဘဲ ဧရာဝတီက တစ်ကျော့ပြန်ပြန်ဖိကစားလာသည်။ သို့သော် ရန်ကုန်နောက်တန်းကို မကျော်နိုင်ဘဲ တိုက်စစ်ဆင်သမျှ အချည်းနှီးဖြစ်ခဲ့ရသည်။ ဂိုးထပ်မံရရှိနိုင်မည့်အခွင့် အရေးများ ရရှိသော်လည်း အသုံးမချနိုင်ဖြစ်နေသော ရန်ကုန်တိုက်စစ်သည် မိနစ် ၃၀ နောက်ပိုင်း သမ္မာရင့် တိုက်စစ်မှူး သီတာကြည် ဝင်လာပြီးမှ အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ ၃၆ မိနစ်တွင် သီတာကြည်က အဝေးမှကန်သွင်းပြီး ဒုတိယဂိုးကိုလည်းကောင်း၊ ၃၈ မိနစ်တွင် တိုက်စစ်မှူး မူမူလွင်က တစ်ကိုယ်တော် အစွမ်းပြပြီး တတိယဂိုးကိုလည်းကောင်းသွင်းယူခဲ့ကြသဖြင့် ပွဲအပြီးတွင် ရန်ကုန်တိုင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင် (ဂိုး)က ဗိုလ်လုပွဲ အကောင်းဆုံးဆုရ သင်းသင်းအေး(ဂိုး) (ဧရာဝတီ)အား ဆုကြေးငွေကျပ် ငါးထောင်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က စတုတ္ထဆုရ မန္တလေးတိုင်း အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းငါးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင် ဒေါ်သီတာဝင်းက တတိယဆုရ မွန်ပြည်နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင်ဒေါ်စိုးဝတ်ရည်က ဒုတိယဆုရ ဧရာဝတီတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင် ဒေါ်အေးအေးကြည်က ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော ဂိုးသမားဆုရ သင်းသင်းအေး (ဧရာဝတီ)၊ နောက်တန်းဆုရ သဲသဲချို (ရန်ကုန်)၊ အလယ်တန်းဆုရ သန္တာမိုး (ဧရာဝတီ)၊ ရှေ့တန်းဆုရ မူမူလွင် (ရန်ကုန်)နှင့် အကောင်းဆုံးဆုရ ခင်မိုးဝေ (မွန်)တို့အား ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သောင်းစီကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အသန့်ရှင်းဆုံးအသင်းဆုရ ရန်ကုန်တိုင်းအသင်းအား အသန့်ရှင်းဆုံးဆုဖလားနှင့် ငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကိုယ်စား အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ဆုကြေးငွေကျပ် ၁၀သိန်းပေးအပ်ချီးမြှင့်သည်။

အနိုင်ရ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့က ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းသည် ယခုနှစ်ပြိုင်ပွဲ အနိုင်ရဗိုလ်စွဲခဲ့ရာ၌ အုပ်စုတွင် တနင်္သာရီတိုင်းကို ခုနစ်ဂိုး–ဂိုးမရှိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို လေးဂိုး–ဂိုးမရှိ၊ ကွာတားဖိုင်နယ်၌ ပဲခူးတိုင်းကို လေးဂိုး–ဂိုးမရှိ၊ ဆီမီးဖိုင်နယ်၌ မန္တလေးတိုင်းကို သုံးဂိုး–ဂိုးမရှိ၊ ဗိုလ်လုပွဲ၌ ဧရာဝတီတိုင်းကို သုံးဂိုး–ဂိုးမရှိတို့ဖြင့် ရှုံးပွဲမရှိ ပွဲတိုင်း ဂိုးပြတ်အနိုင်ရကာ သွင်းဂိုး–၂၁ဂိုး၊ ပေးဂိုးမရှိဖြင့် ထိုက်ထိုက်တန်တန် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုကိုနှင့် ဒုတိယ ဦးစီးမှူးများ၊ ရုံးဝန်ထမ်းများ စုပေါင်း၍ မေ ၁၆ ရက်က ရုံးရှေ့ မြေကွက်လပ်တွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (၃၂)

ဘောလုံးဒိုင်များအား ဝတ်စုံချီးမြှင့်

ရန်ကုန် မေ ၁၆

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့အချုပ်မှ ဒိုင်ဝတ်စုံ ချီးမြှင့်ခြင်းနှင့် ဩဝါဒပြောကြားခြင်း အခမ်းအနားကို မေ ၁၄ရက် မွန်းလွဲ ၁နာရီခွဲတွင် သုဝဏ္ဏရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဩဝါဒစကားပြောကြားသည်။ ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒိုင်လူကြီးများအား ဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ ဒိုင်ကြီးကြပ်များကိုယ်စား ဦးတင်စိန်ကလည်းကောင်း၊ ဒိုင်လူကြီးများကိုယ်စား ဦးစိုးမိုးကျော်က လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ဒိုင်များ၏ စိစစ်ရေးကတ်ပြားနှင့် ဒိုင်လူကြီးတံဆိပ်များကို မန္တလေးတိုင်းမှ ဦးမောင်မောင်ဖုန်းကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးများ ကိုယ်စား ဦးအောင်သန်းက လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ဒိုင်လူကြီးများ ကိုယ်စား မန္တလေးတိုင်းမှ ဦးတင်သိန်းကလည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးတင်အောင်နှင့် Technical Director ဦးစိုးမြင့်လွင်တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒိုင်လူကြီးများကိုယ်စား ဦးစိုးမိုးကျော်အား ဒိုင်ဝတ်စုံနှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်စဉ်။ (ကြေးမုံ)

ငွေဆယ်သိန်း လုယက်ထွက်ပြေးသူအား တာဝန်သိပြည်သူကြောင့် ၁၅ မိနစ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

မန္တလေးမြို့ ဓိမန်ကုမ္ပဏီဝန်ထမ်းဖြစ်သူ မဟာမြိုင်အပိုင်း (၉)၊ မဟာအောင်မြေမြို့နယ်နေ မခင်ကြွယ်ကြွယ်မွန် (၂၇) နှစ် (ဘ) ဦးခင်မောင်ချစ်သည် မေ ၈ရက် မွန်းလွဲ ၁နာရီခန့်တွင် ကုမ္ပဏီပိုင် ငွေကျပ် ၂၇သိန်းကို မန္တလေးမြို့ ရတနာပုံဈေး မြို့မဘဏ်မှထုတ်ယူပြီး လမ်းလျှောက်ပြန်လာစဉ် ချမ်းအေးသာစံမြို့နယ် ၇၈လမ်း ၃၂ X ၃၃ လမ်းကြားအရောက်တွင် ၎င်းလက်ထဲမှ ငွေထုပ်ကို လူတစ်ဦးကအတင်းဝင်လုသဖြင့် မခင်ကြွယ်ကြွယ်မွန်က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံသည့်ကြားမှ အဆိုပါလူသည် ငွေကျပ် ၁၀သိန်းပါအထုပ်တစ်ထုပ်ကိုဆွဲလုပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားသည်။

ဖမ်းဆီးရမိ

ယင်းဖြစ်စဉ်အခြေအနေကို အနီးရှိ တာဝန်သိပြည်သူ ဦးဝင်းကြည်က မောရဂီဝါ ရဲကင်းသို့ ချက်ချင်းအကြောင်းကြားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များသည် ချက်ချင်း ပိတ်ဆို့ရှာဖွေဖမ်းဆီး၍ ပြစ်မှုကျူးလွန်ပြီး ၁၅ မိနစ်အကြာတွင် ၃၃ X ၇၃ လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်အတွင်း၌ တရားခံ တင်ဝင်းလှိုင် (၂၃) နှစ်(ဘ) ဦးကျော်သင်း တောင်သူဘူတာရပ် ကျောက်ပန်းတောင်းမြို့နယ်နေသူအား သက်သေခံငွေကျပ် ၁၀ သိန်းအပါအဝင် ၎င်းစီးလာသည့် ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မန္တလေးမြို့တွင် ယခုကဲ့သို့ ဘဏ်မှငွေထုတ်လာသူများအား စောင့်ကြည့်လျက် အခွင့်သာသည်နှင့် ငွေထုပ်လုပြေးသောဖြစ်စဉ်များ မကြာခဏဖြစ်ပွားလေ့ရှိသဖြင့် ငွေနှင့်အဖိုးတန်ပစ္စည်းပါရှိသူများသည် ပတ်ဝန်းကျင်အား သတိပြုကာ မိမိတို့၏ လုံခြုံမှုကို အထူးအလေးဂရုပြု လှုပ်ရှားသွားလာကြရန် ရဲတပ်ဖွဲ့ဝင်များက အသိပညာပေးစည်းရုံး ဟောပြောလျက်ရှိသည်။ (သတင်းစဉ်)



ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး သီတဂူရေအလှူတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား၊
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရှိး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။"

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါအကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ သီတဂူရေအလှူတော် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
အရှင်ဇာဂရ (ဓမ္မာစရိယ) သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ကမာရွတ်မြို့နယ်	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ (၁၈-၅-၂၀၀၆)
စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt). Ph.D	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့ (၁၉-၅-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့မှ ၈ ရက်နေ့အထိ
၂၀၀၆ ခု၊ မေ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ် ၇:၀၀ နာရီ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အီတလီနှင့် ချက်တို့အကြားမှ အမေရိကန်

ဂမ်ဆိုင်း

FIFA WORLD CUP GERMANY 2006

အမေရိကန်သည် ကွန်ကာကက်ဖ်ဇုန်မှ ခြေစစ်ပွဲအောင်မြင်လာသော အသင်းဖြစ်သည်။ မက္ကဆီကိုအသင်းနှင့် အမှတ်တူသော်လည်း ထိပ်တိုက်တွေ့ဆုံမှုအားသာချက်ကြောင့် အုပ်စုပထမရရှိခဲ့ခြင်းဖြစ်သည်။ ဤသို့ အုပ်စု ပထမရခြင်းသည် အမေရိကန်ဘောလုံးသမိုင်း၌ မှတ်တမ်းသစ်တစ်ခုဖြစ်ခဲ့သည်။

အဆင့်(၅)

ကမ္ဘာ့ဘောလုံးအဆင့် သတ်မှတ်ချက်အရ အမေရိကန်သည် အဆင့် (၅) ဖြစ်သည်။ ကမ္ဘာ့ဖလား သုံးကြိမ်ရဖူးထားသော အီတလီအသင်းသည် အဆင့် (၁၂)ဖြစ်သည်။ ချက်သမ္မတနိုင်ငံက အဆင့်(၂)ရသည်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ကြည့်လျှင် အမေရိကန်သည် အုပ်စုတက်ရန် တစ်ပေးခံရသော အသင်းတစ်သင်း ဖြစ်သင့်သည်။ သို့သော် တကယ်တမ်းအုပ်စုမှ ကျွတ်နိုင်သည်ဟု တစ်ခံရသော စာရင်းတွင် အမေရိကန်အသင်းမပါချေ။ အီတလီနှင့် ချက်အသင်းတို့သာ လူကြိုက်များပြီး အုပ်စုမှကျွတ်နိုင်သော အသင်းများအဖြစ် သတ်မှတ်ခံရသည်။

မည်သို့ပင်ဖြစ်စေ၊ အမေရိကန်ကို လျှော့တွက်ထား၍ မရသော အသင်းတစ်သင်းဟု ယူဆမိသည်။ များသောအားဖြင့် ကွန်ကာကက်ဖ်မှ အသင်းများအကြောင်းကို (မက္ကဆီကိုမှလွဲ၍) ကောင်းစွာမသိကြချေ။ သို့ဖြစ်၍ အစဉ်အလာရှိသော ဥရောပအသင်းများနှင့် တောင်အမေရိကအသင်း အချို့တို့ကိုသာ လူကြိုက်များအထင်ကြီးနေကြသည်။

အခြေခံကောင်း

စာရေးသူသည် အမေရိကန်အသင်း၏ ကစားပုံကို ၂၀၀၂ခုနှစ် ကိုရီးယား/ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲကျမှ သေသေချာချာကြည့် ဖူးသည်။ အခြေခံဘောလုံးနည်းစနစ်ကောင်းသည်။ လျင်မြန်စွာ လှုပ်ရှားကစားနိုင်သည်။ တစ်ဖက်အသင်း၏ အခြေအနေကို ကြည့်ပြီး လိုသလို ကစားကွက်ပြောင်းလဲ ကစားတတ်သည်။ ဂိုးနှင့်နောက်တန်း လုံခြုံစိတ်ချရသည်။ အမေရိကန်အသင်း၏ အားနည်းချက်တစ်ခုမှာတစ်ဖက်အသင်း၏ တန်ပြန်ထိုးစစ်ကို ပြန်မပိတ်နိုင်ခြင်းဖြစ်သည်။

ပြင်ဆင်လေ့ကျင့်

လက်ရှိ အမေရိကန်အသင်းသည် တိုးတက်နေရာမှ တည်ငြိမ်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ လိုအပ်ချက် မှန်သမျှကိုလည်း ပြည့်ပြည့်စုံစုံ ပြင်ဆင်လေ့ကျင့်ထားသည်။ ပင်ကိုအရည်အသွေးကောင်းမွန်သော ကစားသမားအများအပြား ပါဝင်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ကစားသမားများလည်း ပါဝင်သည်။

အမေရိကန်အသင်း နည်းပြ ဘရူးစ် အေရီနာ။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အဆင့်မီ

အမေရိကန်အသင်းမှာ လူငယ်ပါရမီရှင်ကလေးများ ဖြစ်သော ဘီစလီ၊ လန်ဒန်ဒိုနိုဗန်၊ မက်ဘရစ်၊ ကရော်ရီယာရေး(ရ်)နာတို့ ပါဝင်သည်။ သူတို့သည် ကမ္ဘာ့အဆင့်မီသူများဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက်တွင် မက္ကဆီကိုနှင့် ကော်စတာရီကာအသင်းများကို တစ်ပွဲစီရှုံးသည်မှလွဲ၍ ကျန်ပွဲများအားလုံး အနိုင်ရသည်။



မက္ကဆီကိုကို အိမ်ကွင်း၌ နှစ်ဂိုး၊ ဂိုးမရှိဖြင့် ပြန်နိုင်ပြီးနောက် နည်းပြဆရာ အေရီနာက-

"အေးအေးဆေးဆေး လွယ်လွယ်ကူကူနဲ့ နိုင်တဲ့ပွဲလို့ ခင်ဗျားတို့က ကြည့်ပြီးပြောကြမှာပေါ့။ အေးအေးဆေးဆေး သက်သောင့်သက်သာနဲ့ နိုင်တာတော့ မဟုတ်ဘူး။ အကြိတ်အနယ်ယှဉ်ပြီး ကစားခဲ့ရတယ်။ ထရီနီဒက်နဲ့ ဗွေဆော်ဦး ခြေစစ်ပွဲ ကစားရတဲ့ပွဲကို ကျွန်တော်ပြန်ပြီး အမှတ်ရမိတယ်။ အကြိတ်အနယ် ကစားပြီး အနိုင်ရတာ ဒီလိုအနိုင်ရတာလည်း ဟိုလွန်ခဲ့သော ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကရခဲ့တဲ့ အတွေ့အကြုံတွေကြောင့်ပဲ။ ကျွန်တော့် ကစားသမားတွေက တကယ်အရေးကြီးတဲ့ ပွဲတွေမှာဆိုရင် ဘယ်လိုနိုင်အောင် ကစားရမလဲဆိုတာ သိနေကြတယ်" လို့ ထုတ်ဖော်ပြောကြားသည်။

လျင်မြန်စွာထိုးဖောက်

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ အမေရိကန်၏ အနေအထားကို ပြန်ပြောင်းလေ့လာကြည့်လျှင် ဒုတိယတန်းစားအဆင့်လောက်ရှိသော အသင်းတစ်သင်းမဟုတ်သည်ကို မြင်တွေ့ရသည်။ ပွဲဦးထွက်တွင် ဘောလုံးအစဉ်အလာရှိပြီး နာမည်ကျော် ကစားသမားများဖြစ်သည့် ဖီဂို၊ ကော်စတာ၊ ပင်တို၊ ပေါ်လီတာပါဝင်သော ပေါ်တူဂီအသင်းကို ၃-၂ဖြင့် နိုင်သည်။ တောင်ကိုရီးယားနှင့်ပွဲတွင် တစ်ဂိုး-တစ်ဂိုး သရေကျသည်။ ပိုလန်ကို ၃-၁ ဖြင့်ရှုံးသည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲတွင် မက္ကဆီကို ၂-၀ ဖြင့်နိုင်ပြီး ကွာတား ဖိုင်နယ်သို့ တက်သည်။ ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး ကွာတားမှ ထွက်ရသည်။ ပွဲစဉ်တစ်လျှောက်တွင် အမေရိကန်သည် ပြိုင်ဘက်အသင်းများနှင့် ပွဲကြည့်ပရိသတ်များအားလုံးကို တအံ့တသြဖြစ်သွားအောင် လျင်မြန်စွာ ထိုးဖောက်ကစားခဲ့သည်။ ပွဲအချို့ကို ရှေ့မှ ဦးဆောင်ကစားနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ကာဆင်မြို့တွင် နော်ဝေအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားရာတွင် ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသော အမေရိကန် တိုက်စစ်မှူး တေလာတွဲမင်းအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အံ့အားသင့်အောင်

မည်သို့ပင်ဖြစ်စေ အမေရိကန်သည် ၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း လွန်ခဲ့သော လေးနှစ်ကအတိုင်း ပရိသတ်နှင့် ပြိုင်ဘက်အသင်းများကို အံ့အားသင့်သွားအောင် ကစားပြသွားလိမ့်မည် ယူဆရသည်။

"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်က ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ပဲ။ အသင်းကို ကျွန်တော် အများကြီး လုပ်ပေးထားပါတယ်။ ပွဲမှာသူတို့ ဘယ်လောက် ပြန်လုပ်ပြနိုင်သလဲဆိုတာ ကျွန်တော်ကြည့်ချင်တယ်" ဟု နည်းပြဆရာ အေရီနာက ပြောပြသည်။

နိဂုံးချုပ်အနေဖြင့် ယခင်က မြောက်အမေရိကမှ အသင်းများသည် ဒုတိယတန်းစား အဆင့်လောက်သာရှိသည်။

အခြားအသင်းများ၏ လှောင်ပြောင်နှိမ့်ချခြင်းကို ခံခဲ့ရသည်။ ယခုတော့ ယင်းကဲ့သို့သော အခြေအနေမှ လွတ်မြောက်သွားပြီဖြစ်ကြောင်း ပြောကြားလိုပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၀ ၉။ ရန်ကုန်တိုင်းမဟူရာ ရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၁၀ ၆။ အတီးပြိုင်ပွဲ
၅:၂၀ ၇။ သီချင်းကြီးပဒေသာ
၅:၃၀ ၈။ မြန်မာစာ၊မြန်မာစကား
၅:၄၀ ၉။ **"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၅:၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။ **"လက်တွေ့ပြချင်လို့" (ဖြိုးငွေစိုး၊မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြည်စိုး)**
၇:၁၅ ၁၅။ အဆိုပြိုင်ပွဲ
၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
၇:၃၅ ၁၇။ အကပြိုင်ပွဲ
၇:၄၅ ၁၈။ စာပဒေသာ
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ "ဝိဓူရဇာတ်တော်ကြီး" (ရန်ကုန်တိုင်း)(ဒုတိယပိုင်း)**
၂၃။ အစီအစဉ်ပြီး၏။

ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်

ရန်ကုန် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးမြစိန်က လက်ရှိ တူးဖော်ထုတ်လုပ်နေမှု အခြေအနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုအခြေအနေနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲





စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်းသစ်အမှတ်(၄၄) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် မေ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်းအကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ခုနှစ် နိုဝင်ဘာနှင့်ဒီဇင်ဘာလ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများအတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ အက်စ်အက်စ်အေ(ရှက်ဆစ်)အဖွဲ့ တပ်မဟာ(၂၄၁)မှ တပ်ကြပ်အဆင့်ရှိ နိုင်ဝင်းသည် အမ်-၇၉ လောင်ချာ တစ်လက်၊ ဗုံးသီးငါးလုံး၊ ဆက်သွယ်ရေးစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်ကြပ်ကြီးအဆင့်ရှိ ဖိုးဇော်၊ ထွန်းကျော်နှင့် ဝင်းအောင်၊ တပ်ကြပ်အဆင့်ရှိ ကျော်တင့်၊ မောင်ငယ်နှင့် စိုင်းမောင်၊ ဒုတပ်ကြပ်အဆင့်ရှိ မူးလိန်၊ တပ်သား

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

NLD ထိပ်ပိုင်းခေါင်းဆောင်များနှင့် တာဝန်ရှိသူများ ၎င်းတို့အာဏာရရှိရေးကိုသာလုပ်နေ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားဖော်ဆောင်ရန် ဦးဆောင်လမ်းပြပေးမှုမရှိ အဖွဲ့အတွင်း အုပ်စုဖွဲ့ကာ ညီညွတ်မှုမရှိဘဲ သဘောထားများကွဲနေ

NLD ပါတီဝင်အဖြစ် ဆက်လက်မရပ်တည်လိုသဖြင့် မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ်မှ နုတ်ထွက်

ရန်ကုန် မေ ၁၆

တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးသန်းမြင့်(အမျိုးသားမှတ်ပုံတင်အမှတ်-၁၃/တကန(နိုင်) ၁၄၂၅၂၁)သည် ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး မေ ၇ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့သည်။

တောင်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော တောင်ကြီးမြို့နယ် NLD စည်းရုံးရေးကော်မတီဝင် ဦးသန်းမြင့်၏ နုတ်ထွက်လွှာတွင် ၎င်းသည် ဒေသခံပြည်သူလူထု၏အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၉၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ပါတီ၏တာဝန်များကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် အဆင့်ဆင့်သော တာဝန်ရှိသူများသည် ၎င်းတို့အာဏာရရှိရေးကိုသာ ဦးတည်လုပ်ဆောင်နေပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားဖော်ဆောင်ရန် ဦးဆောင်လမ်းပြပေးမှု မရှိကြောင်း၊ NLD ပါတီ၏သဘောထားမှာ ၎င်းပါတီခြံစည်းရိုးအတွင်းသို့ အတွေးအခေါ်မှားယွင်း၍

စာမျက်နှာ ၉ ကော်လံ ၂ သို့ ●

အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော မြန်မာဖူဆယ်ဘောလုံးအသင်းအား ဆုယူအပြီး တွေ့ရစဉ်။ (ဘောလုံးအဖွဲ့ချုပ်)

မြန်မာဖူဆယ် ဘောလုံးအသင်း၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်

ရန်ကုန် မေ ၁၆

၂၀၀၆ခုနှစ် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၂ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းသည် ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ ထိုကဲ့သို့ မြန်မာဖူဆယ်လက်ရွေးစင်အသင်း အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဝါရင့်အသင်းများကို ဖြတ်ကျော်ပြီး ဆုတံဆိပ် ဆွတ်ခူးရယူနိုင်ခဲ့ခြင်းသည် မြန်မာ့ဖူဆယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိဒါန်းအစဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✳